ဓလေ့မှော်

The Mirror Daily

Established in 1957

၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 April 2025 ၁၁၇၉၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့



Chairman
State Administration Council
Republic of the Union of Myanmar

Dated. 22April 2025

Your Eminence,

I was deeply saddened to hear about the news of the demise of His Holiness Pope.Francis, Supreme Pontiff of Vatican City on 21 April 2025.

On behalf of the Government and People of the Republic of the Union of Myanmar and on my own behalf, I wish to extend my deepest condolences and heartfelt sympathy to Your Eminence and the people of Vatican City.

His Holiness Pope Francis will be held in high esteem for his service and dedication for the Lord as well as his contribution to the world peace.

Please accept, Eminence, the assurances of my highest consideration.



Senior General Min Aung Hlaing

His Eminence Cardinal Pietro Parolin
Secretary of State of Vatican
Vatican City

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဗာတီကန်မြို့ပြနိုင်ငံ၊ အစိုးရအဖွဲ့အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရို ပါရိုလင် (His Eminence Cardinal Pietro Parolin) ထံသို့ ယနေ့တွင် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၁ ရက်တွင် ဗာတီကန်မြို့ပြနိုင်ငံ၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်သွားသည်ဟု ကြားသိရသည့်အတွက် အလွန်ပင်စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိကိုယ်စားလည်းကောင်း ကိုယ်တော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ ပြည်သူများထံသို့ ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုကြောင်း ပါရှိသည်ဟု သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ထိခိုက်ပျက်စီးမှုကိုသင်ခန်းစာဖော်ထုတ် ရေရှည်ရပ်တည်နေထိုင်နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံ ငလျင်သမိုင်းကိုကြည့်လျှင် မန္တလေး၊ စစ်ကိုင်း၊ အမရပူရမြို့တို့သည် ပြင်းပြင်းထန်ထန် လှုပ်ခတ်နိုင်သော ငလျင်ရပ်ဝန်းပေါ်တွင် တည်ရှိသည်။ မှတ်တမ်းများအရ ၁၈၃၉ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အပြင်းထန်ဆုံးလှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အမရပူရတစ်မြို့လုံး ပျက်စီးခဲ့သည်။ အုတ်အဆောက်အအုံအားလုံး ပြိုကျပျက်စီးခဲ့သဖြင့် အင်အားအဆင့် ၁၀ ခန့်ပင် ခန့်မှန်းခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်သည် အင်အား ၈ အဆင့်ရှိသည်ဟု ခန့်မှန်းကြသည်။ စစ်ကိုင်း၊ မန္တလေးရှိ အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။

ယခုတစ်ဖန် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြောင့် ငလျင်ရပ်ဝန်းပေါ်ရှိဒေသများတွင် ဧပြီလ ၂၂ ရက်နေ့အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၄ ဦးရှိသည်။ နေအိမ်အဆောက်အအုံ၊ ဘုရား၊ ကျောင်း၊ ကန်၊ လမ်း၊ တံတားအမြောက်အမြား ပြိုကျပျက်စီးခဲ့သည်။ မြန်မာနိုင်ငံ ငလျင်သမိုင်းအရ မြန်မာနိုင်ငံရှိ မြို့ရွာများစွာတို့သည် ငလျင်ပြတ်ရွှေ့ကြောအမျိုးမျိုးတို့ပေါ်တွင် တည်ရှိနေသည်။ နှစ်ပေါင်း ၁၀၀ အတွင်း အင်အားအလွန်ပြင်းထန်သောငလျင် တစ်ကြိမ်၊ နှစ်ကြိမ်မက လှုပ်ခတ်ခဲ့ပြီး ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ကြာမြင့်သည့်အချိန်ကာလအတွင်း လူတို့သည် မှေမှေလျော့လျော့ နေထိုင်ခဲ့ကြသည်။

ခေတ်ကာလများ ရွှေ့လျောပြောင်းလဲလာပြီးနောက် လူဦးရေတိုးပွားလာမှုနှင့်အတူ မြို့ပြအဆောက်အအုံများ၊ ခေတ်မီအထပ်မြင့်အဆောက်အအုံများ တိုးချဲ့တည်ဆောက်လာကြရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာပညာရပ်များဖြင့် အဆောက်အအုံများကို အင်အားပြင်းငလျင်ဒဏ်ခံနိုင်အောင် တွက်ချက်တည်ဆောက်ကြသည်များရှိသလို အဆောက်အအုံဖြစ်လျှင်ပြီးစတမ်း ကုန်ကျစရိတ် တွက်ခြေကိုက်အောင် အလျင်စလိုဆောက်လုပ်ကြသည့် အဆောက်အအုံများလည်းရှိသည်။ ယခု မန္တလေး ငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် စနစ်တကျဆောက်လုပ်သော အဆောက်အအုံများနှင့် စနစ်မကျဆောက်လုပ်သော အဆောက်အအုံများ ကွဲကွဲပြားပြား ပေါ်ထွက်လာသည်ကို တွေ့မြင်နိုင်သလို ထိခိုက်ပျက်စီးမှုများခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၉ ရက်နေ့က စစ်ကိုင်းမြို့ရှိ ခရိုင်အဆင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့ရာတွင် “မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများများပြားခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများမှတစ်ဆင့် မိမိတို့အတွက် သင်ခန်းစာများလည်း ရရှိခဲ့ကြောင်း၊ အဆိုပါသင်ခန်းစာများကို ဖော်ထုတ်၍ နောင်အချိန်တွင် ယခုကဲ့သို့ ထပ်မံကြုံတွေ့ရချိန်၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နည်းပါးအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးမှာ ရှောင်လွှဲ၍မရသော်လည်း ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း”ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ချိန်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့ချိန်က သဘာဝဘေးဒဏ်ကို ဆိုးရွားစွာခံစားကြရပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။ သဘာဝဘေးဒဏ်များ ကျရောက်ခဲ့သည့်အချိန်များတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများလက်တွဲပြီး အခက်အခဲများကြားမှ အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့သည်။ ယခုမန္တလေးငလျင်ကြီး လှုပ်ခတ်မှုကိုလည်း အခက်အခဲများကြားမှ အချိန်တိုကာလအတွင်း လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖြတ်ကျော်နိုင်ခဲ့ကြသည်။ ငလျင်လှုပ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အားလုံးတက်ညီလက်ညီ စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ယခင်လှုပ်ခတ်ခဲ့သည့် ရစ်(ချ်)တာစကေး ၈ အဆင့်အထိခံနိုင်သော အဆောက်အအုံများ၊ လမ်းတံတားများဖြစ်အောင် တည်ဆောက်သွားကြရန်လိုသည်။ အဆောက်အအုံများတည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ဆောက်သွားရန်လိုသည်။ ယခုအချိန်တွင် စနစ်တကျ တည်ဆောက်မှုများသည် နောင်လာနောက်သား မျိုးဆက်များအတွက်ဖြစ်၍ ရေရှည်ကိုမြော်တွေးပြီး တည်ဆောက်ကြရန်လိုသည်။ သဘာဝဘေးသည် ရှောင်လွှဲ၍ မရသဖြင့် ထိခိုက်ပျက်စီးမှုများကို သင်ခန်းစာယူဖော်ထုတ်ကာ ပိုမိုသာလွန်ကောင်းမွန်သည့် ရေရှည်တည်တံ့ခိုင်မြဲသော အဆောက်အအုံများ တည်ဆောက်သွားကြမည်ဟူသော စိတ်ဓာတ်များဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာ၊ သုတေသန၊ နိုင်ငံတကာဆက်ဆံရေးနှင့် သင်တန်းဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်သက်သက်လှကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အား အလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး / ပြည်နယ်ခြောက်ခုတွင် ဧပြီ ၂၂ ရက်အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၄ ဦးရှိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၁ ရက် ည ၇ နာရီမှ ဧပြီ ၂၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာထိုင်ဝမ်ကုန်သည်ကြီးများအသင်းက လျင်ဘေးသင့်ပြည်သူများသို့ လှူဒါန်းသည့် ရွှက်ဖျင်တဲ၊ ခြင်ထောင်၊ စောင်၊ မီးလုံးစုစုပေါင်း တန်ချိန် သုည ဒသမ ၄၆ တန်၊ တရုတ် (တိုင်ပေ)အခြေစိုက် ဗုဒ္ဓဘာသာကျူးဈီပရဟိတဖောင်ဒေးရှင်းက ထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာ စုစုပေါင်းတန်ချိန် ၁၈ ဒသမ ၁၁၄ တန်နှင့် တရုတ်နိုင်ငံအစိုးရက ထောက်ပံ့ပေးသည့် ဆေးရုံသုံးပစ္စည်းနှင့် ဆေးပစ္စည်းစုစုပေါင်း တန်ချိန် ၃၇ ဒသမ ၉၀၃ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

၂၂ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၃၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၂ - ၄ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၆,၈၀၀	၇,၂၀၀	၁,၆၀၅	၁၁,၀၀၅,၀၀၀
MTSH	၂,၉၅၀	၃,၅၀၀	၁,၀၄၄	၃,၁၄၀,၂၀၀
MCB	၇,၄၀၀	၈,၀၀၀	၅၄၃	၄,၃၁၉,၂၀၀
FPB	၁,၇၅၀	၁,၈၀၀	၅၈၆	၁,၀၄၁,၁၀၀
TMH	၂,၇၅၀	၂,၇၅၀	၅၀	၁၃၇,၅၀၀
EFR	၁,၄၅၀	၁,၅၀၀	၅၁၁	၈၂၀,၀၀၀
AMATA	၃,၉၀၀	၄,၁၀၀	၅၆	၂၁၉,၆၀၀
MAEX	၃,၁၀၀	၃,၁၀၀	၁,၆၄၉	၅,၁၈၅,၈၅၀
MADPL(PLB)	၃,၃၀၀	၃,၃၀၀	၅	၁၆,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်များ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပျဉ်းမနားဘူတာနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနေရာများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၂ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပျဉ်းမနား ဘူတာယာဒ်ဝင်းနှင့် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန နေရာများ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်မွမ်းမံနေသည့် လုပ်ငန်းခွင်နေရာများကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရထားလက်မှတ်ရောင်းအဆောက်အအုံ ပြိုကျပျက်စီးနေမှုကို လိုအပ်သည့် ပြန်လည် မွမ်းမံမှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ဘူတာယာဒ်ဝင်း ထိန်းသိမ်းခြင်းဆိုင်ရာ အဆောက်အအုံ ပြိုကျပျက်စီးမှု၊ ယာဒ်ဝင်းအတွင်း ခေတ်အားခွဲရုံ ပျက်စီးမှုအား ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဘူတာတွင်းစာတိုက် အဆောက်အအုံ၊ လူကူးခုံးကျော် တံတား မွမ်းမံပြင်ဆင်ရန် လိုအပ်မှုတို့ကို စစ်ဆေးပြီး ရှေးဟောင်း အုတ်ကြွပ်အမိုးပြားများ စနစ်တကျ သိမ်းဆည်းရေး၊ ဆယ်တင်ပစ္စည်းများ လေလွင့်မှုမရှိစေရေးတို့ကို မှာကြားသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘူတာရထားလမ်း၌/ လမ်းကူးများ ထိန်းချုပ်သည့်စနစ်အား အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ၊ အငြိမ်းစားယူခဲ့ပြီးသော ဝန်ထမ်းဟောင်းများ၊ ဌာနနှင့်လုပ်ငန်းဆက်စပ် ဆောင်ရွက်နေသည့် ပညာရှင်များအား ဖိတ်ခေါ်စုစည်း တိုင်ပင်ကာ အကောင်းဆုံးနည်းလမ်းကို ဖော်ထုတ်၍ လက်တွေ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧမ္မူသီရိမြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ရောက်ရှိပြီး ပင်မရုံးအဆောက်အအုံ ပျက်စီးမှုကြောင့် လုပ်ငန်းသုံးပစ္စည်းများ ယာယီရွှေ့ပြောင်း နေရာချထားပြီးစီးမှုအခြေအနေ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Data Center Farm တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လူ၊ ပစ္စည်းနှင့် စနစ်တို့ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ တည်ဆောက်အသုံးပြုရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးရုံး၊ ရုံးအမှတ် ၅ နှင့် ရုံးအမှတ် ၂ တို့၏ နယ်နိမိတ်များအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် ဘာရှာအဆောက်အအုံများ ဆောက်လုပ်ရန်မြေနေရာများ ရွေးချယ်လျက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကွက်များဖြင့် ကုန်မျိုးစုံ လှည့်လည်ရောင်းချပေးလျက်ရှိ



နေပြည်တော် ဧပြီ ၂၂ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကွက်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် နှစ်ဆယ့်သုံးရက်မြောက်နေ့အဖြစ် ဈေးကွက်ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

နေ့စဉ်ရောင်းချပေး

မတ် ၃၀ ရက်မှ ဧပြီ ၂၂ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၂၀၆ အိတ်၊ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၀၃ အိတ်၊ ဆီ ပိသာ ၂၃၅၂၀၊ ဆား ၂၅ ကျပ်သားပါ ၅၆၁၅ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ ၄၈၄၄ ထုပ်၊ ငါးပိ ၂၁၆ ပိသာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၅၉ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ကြောင်းသိရသည်။

ထို့အတူ မန္တလေးမြို့တွင် ဈေးကွက်လေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၄၇၆ အိတ်၊ စားအုန်းဆီ ပိသာ ၃၉၆၀၀၊ ဆား ၂၅ ကျပ်သားပါ ၇၆ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၆၃ ထုပ်၊ ငါးပိ ၁၅ ပိသာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၉၇ ထုပ်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကွက်လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၆၈ အိတ်၊ စားအုန်းဆီ ပိသာ ၃၈၆၀ ၊ ဆား ၇ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၃၈ ဘူး၊ ငါးပိ ၁၁ ပိသာ၊ ငါးခြောက် ၁၀ ပိသာ၊ ကြက်သွန်နီ ပိသာ ၄၉၀၊ အသားတု ၁၈ ပိသာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုဇွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးရှိ တရားခွင်များ ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၂၂

မတ် ၂၈ ရက်က လူပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပင်မအဆောက်အအုံ၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားခွင်များကို ဇေယျာသီရိခရိုင်တရားရုံးသို့ ပြောင်းရွှေ့ရုံးထိုင်မည်ဖြစ်ရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင်တရားရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားခွင်များဖြစ်သည့် စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံး၊ ရာဇဝတ်ဆိုင်ရာနှင့် တရားမဆိုင်ရာ အယူခံ၊ ပြင်ဆင်မှုများအတွက် ရုံးထိုင်မည့် တရားခွင်များ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံးနှင့် အယူခံ၊ ပြင်ဆင်ရုံးများအတွက် ရုံးထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေ၊ တရားသူကြီးများအတွက် နားနေခန်းထားရှိမှုနှင့် ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ ရုံးထိုင်မည့်အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုတရားသူကြီးချုပ်က ယာယီတရားခွင်များဖြစ်သော်လည်း တရားခွင်အဆင့်အတန်းမီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားရုံး၌ပဓိရပ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ open court ဖြစ်သည့်အတွက် အမှုသည်များ၊ ရှေ့နေများ၊ အမြင့်ဆုံးတရားရုံး၏ တရားစီရင်မှုကို လေ့လာလိုသူများနှင့် သတင်းမီဒီယာများကိုလည်း တရားခွင်အတွင်း ဝင်ရောက်လေ့လာခွင့်ပြုရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်ဆောင်ရွက်မှုများကို ဘက်ပေါင်းစုံမှစဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကြီးမားသည့် ငလျင်ဘေးဒဏ် ကြုံကြိုက်ခဲ့ကြရသော်လည်း တရားစီရင်ရေးကို ရပ်တန့်မှုမရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ပြည်သူများ၏ ဥပဒေပါအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ရုံးဖွင့်ရက်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းမည့် အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုလက်ခံကောင်တာ၌ ယခင်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေး အမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်းဆောင်ရွက်ချက်၊ ရုံးထိုင် ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင် လည်းကောင်း၊ ဇေယျာသီရိခရိုင်တရားရုံး ကြော်ငြာသင်ပုန်းတွင် လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး ဧပြီ ၂၃ ရက်မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး (ဖုန်း-၀၆၇-၄၅၁၀၂၄၂၂၌ တရားခွင်များဖွင့်လှစ်ပြီး ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းများကို ရုံးထိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဇွန်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ငလျင်ဒဏ်ခံကျောင်းများအနေဖြင့် နှစ်သုတ်တက်စနစ်ဖြင့် တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်နှင့် ယာယီကျောင်းဆောင်များ တည်ဆောက်နိုင်ရေးကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငလျင်ဒဏ်မခံရသော တက္ကသိုလ်များအနေဖြင့် မိမိတို့တက္ကသိုလ်၏တိုးတက်ရေး၊ ဘာသာရပ်ဆိုင်ရာ တိုးတက်ရေးအတွက် ဌာနတွင်း မွမ်းမံသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသော ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ဝန်ကြီးဌာနအနေဖြင့် အလွန်ဝမ်းနည်းရပါကြောင်း၊ ငလျင်ဒဏ်ကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပသွားမည်ဖြစ်၍ သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသော ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများက ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဇွန် ၂ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်း၌ပဓိရပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်းများနှင့် အိပ်ဆောင်များ သန့်ရှင်းရေးဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရုံးများ၊ ကျောင်းများတွင် သတ်မှတ်ထားသောဝတ်စုံများကို ဝတ်ဆင်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများတွင်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဦးစီးဌာနအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပိတန်းနှင့် ဂျူဒိုအားကစားအဖွဲ့များလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းတွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိတန်းအားကစားအဖွဲ့နှင့် ဂျူဒို အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



တိုက်တွန်းပြောကြား

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ငလျင်ဘေးဒဏ်ကြောင့် နေထိုင်စားသောက်မှုများ၊ သောက်ရေနှင့် သုံးရေအခက်အခဲများကြောင့် အချို့အားကစားနည်းများကို ရန်ကုန်တွင် စခန်းဝင်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားသမားများ အနေဖြင့် မိမိတို့ရရှိထားသည့် စံချိန်စံညွှန်းများ ကျဆင်းမသွားစေရန်အတွက် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရရှိစေရန်နှင့် ကျန်းမာရေးကောင်းမွန်အောင် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ အားကစားသမားများအာဟာရပြည့်ဝစေရေးအတွက် ယခင်ကျွေးမွေးခဲ့သည့် နှုန်းထားထက် တိုးမြှင့်ပြီး ချက်ပြုတ် ကျွေးမွေးလျက်ရှိကြောင်း၊ အားကစားသမားများက လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှု ဆုတံဆိပ်များရရှိအောင် အစွမ်းကုန်ကြိုးစားသွား ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုပ်ရဟန်းမင်းကြီး ဗရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

သတင်းထုတ်ပြန်ချက်

ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရိုပါရိုလင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ပါသည်။

နေပြည်တော်
ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်

❍ ကျောဖုံးမှ

၃။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်ခြင်းတို့ကို အားစိုက်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများအားလုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် လျင်မြန်သင့်သောများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၃ ရက်မှ ၃၀ ရက် အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၅။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူ တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ အဋ္ဌမအကြိမ် ရန်ကုန်မြို့သို့ရောက်ရှိ



နေပြည်တော် ဧပြို ၂၂

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်သင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသော Air China Cargo လေယာဉ်သည်အဋ္ဌမအကြိမ်အဖြစ် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ဆေးဝါးများ ၃၇၉၀၃ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing နှင့်တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing ကလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖိုးသိန်းက လက်ခံရယူသည်။

အဆိုပါရောက်ရှိလာသည့် ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးငလျင်ကြီးဘေးသင့်ဒေသများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

နေပြည်တော် ဧပြို ၂၂

မန္တလေးငလျင်ကြီး ဘေးသင့်ဒေသများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍ အခြေခံကုန်ထုတ်လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန၊



ဦးစွာ ဒုတိယဝန်ကြီးက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ထူထောင်ရေး ကာလတွင် ဒေသအလိုက် ဦးစားပေးအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကိန်းဂဏန်းစာရင်းဇယားများ စနစ်တကျဖြစ်စေရေးနှင့် တိကျမှန်ကန်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အဓိကအားဖြင့် မန္တလေးငလျင်ကြီး ဘေးကြောင့် စိုက်ပျိုးမြေများ၏ မြေဆီလွှာကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ထူထောင်ရေး ကာလတွင် ဒေသအလိုက် ဦးစားပေးအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကိန်းဂဏန်းစာရင်းဇယားများ စနစ်တကျဖြစ်စေရေးနှင့် တိကျမှန်ကန်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အဓိကအားဖြင့် မန္တလေးငလျင်ကြီး ဘေးကြောင့် စိုက်ပျိုးမြေများ၏ မြေဆီလွှာအပေါ်တွင် နွံပေါက်ခြင်း၊ အက်ကွဲကြောင်းများ ဖြစ်ပေါ်ခြင်း၊ မြေအောက်ရေမြင့်တက်ခြင်းများ ဖြစ်ကာ မြေကျွံခြင်း၊ မြေ၏ရူပါဓာတုဂုဏ်သတ္တိများကို ထိခိုက်နိုင်မှုနှင့် ကုစားရန်နည်းလမ်းများ၊ လူထုဆက်ဆံရေးတွင် ကောလာဟလ သတင်းတု သတင်းမှားများကိုသတိပြုနိုင်ရေး၊ လာမည့် မိုးစပါးရာသီတွင် ငလျင်ဘေးလွတ်မည့် စပါးစိုက်ဧရိယာများ အားလုံး၌ အထူးအထွက်တိုးရေးအတွက် မိမိတို့ဒေသနှင့် သင့်တော်သည့် အစီအမံများနှင့် လိုအပ်ချက်များ စီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ငလျင်ဒဏ်သင့် နေရာများတွင် မြေဆီလွှာပုံမှန် ပြန်ဖြစ်စေနိုင်မည့် ယာသီးနှံများ စိုက်ပျိုးနိုင်ရေး၊ စပါးစိုက်မည့် နေရာဒေသများတွင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းနှင့် ရေအနည်းလိုစပါးများ စပါးစိုက်ခင်း ဖြစ်တည်ရေးအတွက် အစေ့ချ အခြောက်စိုက်ခြင်းများ၊ ရေစနစ်တကျ အသုံးချနိုင်ရန် ပေါင်ကြီးတင်စနစ် ကျင့်သုံးခြင်းနှင့် ရေသွင်းရေခန်းစနစ် ကျင့်သုံးနိုင်ရေး အတွက် ပညာပေးရေး လုပ်ငန်းများကို ထိရောက်စွာ အရှိန်အဟုန်မြှင့်၍ လူထုအခြေပြု စနစ်ဖြင့် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများက ဌာနအလိုက် စီမံ ဆောင်ရွက်ထားရှိသော လုပ်ငန်းများ၊ မိုးစပါး အထူးအထွက်တိုးရေးနှင့် စားရေရိက္ခာ ဖူလုံပိုလျှံရေးအတွက် ကာလတို၊ ကာလရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

☆ ရှေ့ဖိုးမှ

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည် စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးခဲ့သည်။ အဆိုပါ ပြည်သူ့ စစ်မှုထမ်းသင်တန်းများမှ သင်တန်း ဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဦးလည်မသုန်ကျပွန် စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ဂုဏ်ယူစွာထမ်းဆောင်

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန် များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့်





သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

"ပြည်သူ့စစ်မှုတမ်း ဥပဒေဆိုတာကတော့ နိုင်ငံအတွက်မဖြစ်မနေ ထမ်းဆောင်သင့်တဲ့ သတ်မှတ်ပေးထားတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံအတွက် မဖြစ်မနေ ထမ်းဆောင်သင့်တယ်လို့ကျွန်တော် ထင်ပါတယ်။ သင်တန်းပြီးသွားတဲ့ ကာလမှာ ကျွန်တော်တို့အတွက် အကျိုးအမြတ် အများကြီးရှိမှာပါ။ ကျွန်တော်တို့ လူငယ်အများစုက လွတ်လွတ်လပ်လပ် နေကြရတယ် ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပိတ်မိနေတာ အများကြီးရှိပါတယ်။ အဲဒီအတွက်ကြောင့် တပ်ထဲမှာ ရောက်လာတဲ့အခါ စည်းမျဉ်း စည်းကမ်းတွေ၊ လူမှုဘဝနေထိုင်မှုနဲ့ ပတ်သက်တဲ့အရာတွေ သင်ယူပြီးသား ဖြစ်သွားမှာဖြစ်တဲ့ အတွက်ကြောင့် လုပ်ငန်းပိုင်းရော လူမှုဆက်ဆံရေးပါ အများကြီး အဆင်ပြေ တိုးတက်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ သင်တန်းကာလမှာ ကျွန်တော်တို့ ကြုံခဲ့ရတဲ့ အရာတွေကတော့ အပြင်မှာ ကြားနေရတဲ့ဟာတွေ၊ ဆိုရှယ်မီဒီယာပေါ်မှာ မြင်နေရတဲ့ ဟာတွေနဲ့ တခြားစီ။ အဲဒီလောက်ထိ ကြောက်စရာမကောင်းတာမို့လို့ ခေါင်းထဲမှာသိပ်ပြီး pressure မများပါနဲ့။ တကယ်လို့ ကိုယ်တာဝန်ကျတာပဲ ဖြစ်ဖြစ်၊ ကိုယ့်အသိစိတ်နဲ့ပဲ ဖြစ်ဖြစ် ဝင်လာမယ်ဆိုရင် ကိုယ့်ရှေ့က လူတွေကလည်း အများကြီးကြုံဆို နေမှာဖြစ်တဲ့အတွက် ရဲရဲကြီး ဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။"

"နိုင်ငံသားတစ်ယောက်ဖြစ်လာတဲ့အတွက် ဒီနိုင်ငံကချမှတ်ထားတဲ့ ဥပဒေကို လေးစားလိုက်နာဖို့လည်း လိုအပ်တယ်။ အဲဒီအတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေထဲမှာ



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ကျွန်တော်လည်း အသက်အကန့်အသတ်ထဲမှာ ပါဝင်တဲ့လူတစ်ယောက်ဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံသား တာဝန်ကျေပွန်ဖို့ အတွက် စစ်မှုထမ်းဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး သင်တန်းကာလ ပြီးသွားတဲ့အခါမှာ ကိုယ်တာဝန်ထမ်းဆောင်ရမယ့် မိခင်တပ်ရင်းကို ကျရောက်တဲ့ အခါမှာလည်း တပ်မတော်က ပေးအပ်တဲ့တာဝန်တွေ၊ နိုင်ငံသား တစ်ယောက်ရဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။"

သတင်းစဉ်

မိုင်းဖုန်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဉာဏသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ မာရဝိဇယဘုရားကြီးတွင် အန္တရာယ်ကင်းပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူး လာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

ယနေ့ည ပိုင်းတွင် မိုင်းဖုန်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဉာဏသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယဘုရားကြီးသို့ ကြွရောက်တော်မူပြီး ပန်းရေချမ်း၊ လျှပ်စစ်မီးများ ဆက်ကပ်ပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး အန္တရာယ်ကင်း ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်တော်မူသည်။ ထို့နောက် မန္တလေးငလျင်ဘေးဒဏ် ခံစားရသူ ခုနစ်ရက်သားသမီးများအား မေတ္တာပို့သပေးခြင်း၊ ငလျင်ဘေးကြောင့် သေဆုံးသွားခဲ့သူများအား မေတ္တာပို့သ အမျှပေးဝေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်







အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၂

ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိရှိအသုံးချပြီး ဘာသာ၊ သာသနာကို အရှည်တည်တံ့တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း/သမီးကောင်းရတနာများ ဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား ကျောင်းသူများ ၈၅(၃၈)ဖြာ မင်္ဂလာကဗျာများဖြင့် သီဆိုသရုပ်ပြမှုအား ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းကို အရှေ့တောင် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူ ၈၀ ဖြင့် မေ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◎ လိဒ်ယူနိုက်တက်မှ

ဧပြီ ၂၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံရှစ်ပွဲစဉ် (၄၄) မှာ လိဒ်ယူနိုက်တက်အသင်းက စတုတ်စီးတီးအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဘန်လေအသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး စသဖြင့်အသီးသီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလို နိုင်ပွဲတွေ ရရှိခဲ့တာကြောင့် လိဒ်ယူနိုက်တက်အသင်းနဲ့ ဘန်လေအသင်းတို့ဟာ ချန်ပီယံရှစ် ပွဲစဉ် (၄၄)အပြီးမှာ ရမှတ်စုစုပေါင်း ၉၄ မှတ်စီရရှိကာ ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းနဲ့ စတုတ်စီးတီးအသင်းတို့ပွဲစဉ်မှာ လိဒ်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးလေးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂျိုးလ်ပီရိုးဟာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ချာလ်တန်အသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တဲ့ မက်ကော်မက် နောက်ပိုင်း လိဒ်ယူနိုက်တက်အသင်းနဲ့အတူ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းအနေနဲ့ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဟာ ချန်ပီယံရှစ်မှာ နှစ်နှစ်ကြာခဲ့ပြီးနောက် အင်္ဂလန်ရဲ့ အဆင့်မြင့် ပြိုင်ပွဲကို ပြန်လည်တက်လှမ်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ စတုတ်စီးတီးအသင်းကတော့ ရမှတ် ၅၀ နဲ့ အဆင့် (၁၇) နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ ဘန်လေအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၈၆ မှတ်နဲ့ ချန်ပီယံရှစ်အမှတ်ပေးဇယားအဆင့် (၃) နေရာမှာ ရပ်တည်လျက်ရှိကာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရေး ရုန်းကန်ရဦးမှာဖြစ်ပါတယ်။

ငွေကြေး

နိုင်ငံဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ရုံးတက်ရောက်၊ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိ

နေပြည်တော် ၈ဖြဲ ၂၂

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက် ကုန်ဆုံးသည့် ယနေ့တွင် နိုင်ငံဝန်ထမ်းများ အားလုံးသည် သက်ဆိုင်ရာ ရုံးဌာနများသို့ စတင် တက်ရောက်ကြပြီး နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ် များဖြင့် မိမိတို့၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရန် အင်ပြည့် အားပြည့်ဖြင့် တက်ကြွလျက် ရှိသည်။

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ဝန်ကြီးဌာနရုံးအဆောက်အအုံ များနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ် ပေါ်ခဲ့သည့်အတွက် ဌာနဆိုင်ရာ ရုံးများတွင် ဝန်ထမ်းအင်အား အနည်းဆုံးဖြင့် ရုံးလုပ်ငန်းများကို လုပ်ငန်းစဉ်မပျက် ဆောင်ရွက် ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်း အိမ်ရာများကို တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း စစ်ဆေး၍ လိုအပ်သည့် ပြင်ဆင် မွမ်းမံမှုများနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ နေထိုင်မှု အဆင်ပြေစေရေးအတွက် မြို့နယ်၊ ရပ်ကွက်အလိုက် ယာယီတည်းခို ရေးစခန်းများ စီစဉ်ဆောင်ရွက် ပေးထားသည်။

ထို့အတူ ဝန်ထမ်းများ နေထိုင် စားသောက်မှု အဆင်ပြေစေရန် ယာယီတည်းခိုရေးစခန်းများတွင် စနစ်ကျသည့် သောက်သုံးရေစနစ်၊ လျှပ်စစ်မီးစနစ်၊ ချက်ပြုတ်မှုစနစ်၊ မိလ္လာစနစ်နှင့် ကျန်းမာရေး ကြိုတင်ကာကွယ်မှု စနစ်တို့ကို စီစဉ် ဆောင်ရွက်ပေးထားရာ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများက အခက်အခဲများကို ကြုံကြိုခံ ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့မှု ကြောင့် ယနေ့ မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကုန်ဆုံးသည့်နေ့တွင် နိုင်ငံဝန်ထမ်းများ အားလုံးသည် မိမိနေထိုင်ရာ ယာယီတည်းခိုရေး စခန်းများ၊ နေထိုင်ရာနေရာများမှ ဌာနဆိုင်ရာ ကြိုပို့ယာဉ်များဖြင့် သက်ဆိုင်ရာ ရုံးဌာနများသို့ စုံလင်စွာ တက်ရောက်လာကြပြီး သက်ဆိုင်ရာ ရုံးလုပ်ငန်း တာဝန်များကို လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် စတင် ဆောင်ရွက်လျက်ရှိကြသည်။

နေပြည်တော်ရှိ ဝန်ကြီးဌာန ရုံးများအားလုံး ဝန်ထမ်းများ စုံလင်စွာ တက်ရောက်လျက်ရှိပြီး ရုံးလုပ်ငန်းများ လည်ပတ်လျက် ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၏ နှစ်သစ်ကူး ရုံးဖွင့်ရက် ပထမနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဝန်ကြီးရုံး ရှေ့ဥပစာရှိ ယာယီရုံးအဆောက် အအုံ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ သည် သင်္ကြန်ရုံးပိတ်ရက်ရှည်မှ ဝန်ထမ်းများ အနားယူပြီး စိတ်သစ်လူသစ်ဖြင့် စတင်

စာမျက်နှာ ၉ သို့ ○



နိုင်ငံဝန်ထမ်းများ ဌာနဆိုင်ရာကြိုပို့ ယာဉ်များဖြင့် သက်ဆိုင်ရာရုံးဌာနများသို့ တက်ရောက်လာကြသည်ကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကားပြောကြားစဉ်။



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဝန်ကြီးဌာနရှိ ဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ရုံးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေး ဝန်ထမ်းများအား လမ်းညွှန်မှာကြားစဉ်။



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဝန်ကြီးဌာနရှိ ဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

◎ စာမျက်နှာ ၈ မှ

ရုံးတက်သည့်နေ့ ဖြစ်သကဲ့သို့ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် တုံ့နှေးသွားရသည့် ရုံးလုပ်ငန်းများ ပြန်လည် စတင်သည့်နေ့လည်း ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်ပြီး အစိုးရယန္တရား ပုံမှန်လည်ပတ်မှုစတင်သည့် အချိန်ကာလလည်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ယခုရက်မှစတင်၍ လုပ်ငန်းများ ပြန်လည် စတင်လည်ပတ်ရန် လမ်းညွှန် မှာကြားထားပြီးဖြစ်ကြောင်း၊ သတင်းများ ထုတ်ပြန်ရေးနှင့်ပတ်သက်၍ အသေးစိတ် မှာကြားပြီးဖြစ်ရာ ညွှန်ကြားချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း နှင့် နေ့စဉ် ဝန်ထမ်းများ စုံလင်စွာ တက်ရောက်ရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မိမိတို့ ရုံးနှင့် ရုံးဝန်းကျင်တွင် ယာယီဘာရှာများ၊ မိုးကာတဲများ ဆောက်လုပ်၍ ဝန်ထမ်းများ နေရာ ချထားပေးပြီးဖြစ်ရာ မပျက်မစီးဘဲ ကျန်ရှိခဲ့သည့်ရုံး အဆောက်အအုံ၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် တက်ရောက်လာသည့်ဝန်ထမ်းများကို အဆင်ပြေအောင် နေရာချထားကာ လုပ်ငန်းမပျက် ပြန်လည်လည်ပတ်အောင် စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝန်ထမ်းများ လတ်တလော နေရာချထားပေးမှုနှင့် မိုးကာတဲများ၊ ဘာရှာတဲများ ဆောက်လုပ်နေမှု အခြေအနေ၊ သွားလာနေထိုင်ရေး စီစဉ်ပေးထားမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုံးဝန်းကျင် ဆောက်လုပ်ထားသော မိုးကာတဲများ၊ ယာယီတဲများ ဆောက်လုပ်နေမှု၊ ဆောက်လုပ်ရန် လျာထားနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အလားတူ အခြားသော ဝန်ကြီးဌာနများတွင်လည်း လုပ်ငန်းစတင်ရက်ဖြစ်သည့် အားလျော်စွာ အစည်းအဝေးများ ကျင်းပခြင်း၊ နေရာချထားမှုများ လိုက်လံကြည့်ရှုခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကား ပြောကြား စဉ်။



နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိစဉ်။



နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိစဉ်။



နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိစဉ်။



နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိစဉ်။



ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုပေါင်းချုပ်
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၁၃၁၄	၂၇၉၅	၈၀၁	၁၄၈၂	၁၀၀	၄၄၁၄	၃၅၆၂	
၂	တာပေါ်လင်/မိုးကာစ	လိပ်	၄၂၅	၁၀	၄၁၅	-	-	-	-	
		အိတ်	၄	-	၄	-	-	-	-	
		ထုပ်	၂၀၀၁	၄	၂၅	၁၄၉၇	-	၁၁၈	၃၅၇	
		ဖာ	၁၈၉	၁၈၉	-	-	-	-	-	
		ချပ်	၇၇၀	-	၁၅၆	၁၂		၂၇၆	၃၂၆	
၃	Hygiene Kit	ခု	၃၀၁၇	၁၀၀၀	၁၄၀၀	၆၁၇	-	-	-	
		ဖာ	၃၂၅၆	၁၁၂၇	၁၄၄၈	၇၈	၆၀၃	-	-	
၄	Kitchen Set	စုံ	၂၀၆၄	၄၅၄	၆၈၈	၈၈၅	၃၇	-	-	
		ဖာ	၆၁၈	၂၀၂	၃၉၁	၁၃	၁၂	-	-	
၅	မီးစက်	လုံး	၁၅၆	၃၄	၉၇	၂၃	၂		-	
၆	ရေသန့်စက်	လုံး	၁၀၀၃	-	၁၀၀၃	-	-	-	-	
၇	Sleeping Bags	ထုပ်	၄၀၀	၁၄၈	၂၂၄	၁၂	၁၆	-	-	
		ခု	၁၄၄	၆၂	၇၄	၃	၅	-	-	
		ဖာ	၁၃၇	၇၀	၅၈	၄	၅	-	-	
၈	စားသောက်ကုန်ပစ္စည်း	မျိုး	၇၄	၁၈	၃၈	၁၇	၁	-	-	
		ဖာ	၁၂၉၉၅	၇၀၁၁	၄၇၆၀	၁၁၀၃	၁၂၁	-	-	
		အိတ်	၂၂၀	၉၂	၁၄၀	၈	၁၀	-	-	
		ကတ်	၁၀၀	၁၀၀				-	-	
၉	လူသုံးကုန်ပစ္စည်းများ	မျိုး	၅၃	၁၅	၂၈	၅	၄	-	၁	
		ဖာ	၃၅၅၄	၆၃၉	၁၉၃၆	၉၁၇	၆၂	-	-	
		ထုပ်	၁၄၅၁	၅၃၇	၈၁၂	၅၈	၄၄	-	-	
		ခု	၂၂၀	၈၁	၁၂၃	၉	၇	-	-	
၁၀	အိမ်သုံးပစ္စည်းများ	မျိုး	၃၆	၃	၂၁	၁၁	၁	-	-	
		ဖာ	၉	၃	၄	၂	-	-	-	
		စုံ	၂၀၀၀	၂၀၀၀	-	-	-	-	-	
၁၁	လျှပ်စစ်ပစ္စည်း	မျိုး	၂	-	၂	-	-	-	-	
		ဖာ	၃၁၀	၁၂၂	၁၆၈	၁၂	၈	-	-	
၁၂	ဆေးနှင့်ဆေးပစ္စည်း	မျိုး	၁၆၁	-	၈	-	၂	၁၅၁	-	
		အိတ်	၁၅၀၀၀	၄၉၉၅	၉၀၆၀	၅၄၀	၄၀၅	-	-	
		ဖာ	၁၄၀၁	၂၆	-	-	-	၁၃၇၅	-	
၁၃	ခွဲစိတ်ခန်းသုံးပစ္စည်း	မျိုး	၁၁၆	-	-	-	-	၁၁၆	-	

ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း		
၁	စားသောက်ကုန်ပစ္စည်း	ဖာ	၁	-	-	-	၁	-	
၂	လူသုံးကုန်ပစ္စည်းများ	မျိုး	၂	-	-	-	၂	-	

ဘေးသင့်ပြည်သူများအတွက် အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း		
၁	မိုးကာတဲ	လုံး	၃၀၅	-	-	၃၀၅	-	-	
၂	တာပေါ်လင်	ထုပ်	၁၅၄၆	-	၂၀	၁၄၉၆	-	-	
၃	Kitchen Set	ဖာ	၄၅၀	၉၆	၃၃၀	၁၀	၈	-	

ဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၇၅	၂၅	-	-	၅၀	-	-	
၂	တာပေါ်လင်	လိပ်	၁၀	၁၀	-	-	-	-	-	
၃	စားသောက်ကုန်ပစ္စည်း	မျိုး	၅	၂	၁	၁	၁	-	-	
၄	လူသုံးကုန်ပစ္စည်းများ	မျိုး	၆	၁	၅	-	-	-	-	
၅	ဆေးနှင့်ဆေးပစ္စည်း	ဖာ	၁၂၅	-	-	-	-	၁၂၅	-	ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။
		မျိုး	၁	-	၁	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၆၉၀၆	၂၅၉၀	၂၀၀	၉၇၇	၅၀	၂၈၃၀	၂၅၉	နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	Sleeping Bags	ထုပ်	၄၀၀	၁၄၈	၂၂၄	၁၂	၁၆	-	-	
		ဖာ	၁၀၅	၃၈	၅၈	၄	၅	-	-	
		ခု	၈၄	၃၁	၄၇	၂	၄	-	-	
၃	စားသောက်ကုန်ပစ္စည်း	မျိုး	၈	၆	၂	-	-	-	-	
		ဖာ	၃၃၇	၃၃၇	-	-	-	-	-	
၄	လူသုံးကုန်ပစ္စည်းများ	မျိုး	၂၇	၉	၁၂	၄	၂	-	-	
		ထုပ်	၁၁၅၂	၄၂၆	၆၄၅	၄၆	၃၅	-	-	
		ဖာ	၁၄၁၅	၅၂၃	၇၉၂	၄၃	၅၇		-	
		ခု	၂၂၀	၈၁	၁၂၃	၉	၇	-	-	
၅	ဆေးနှင့်ဆေးပစ္စည်း	မျိုး	၃၃	-	-	-	၂	၃၁	-	ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။
		အိတ်	၁၅၀၀၀	၄၉၉၅	၉၀၆၀	၅၄၀	၄၀၅	-	-	

စာမျက်နှာ ၁၁ သို့ ✪

၃	စားသောက်ကုန်ပစ္စည်း	မျိုး	၈	၈	-	-	-	-	-	
၄	လူသုံးကုန်ပစ္စည်းများ	မျိုး	၂	၂	-	-	-	-	-	
၅	အိမ်သုံးပစ္စည်း	စုံ	၂၀၀၀	၂၀၀၀	-	-	-	-	-	
၆	လျှပ်စစ်ပစ္စည်း	မျိုး	၂	-	၂	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	Hygiene Kit	ဖာ	၅၀၀	-		-	၅၀၀	-	-	
၂	လူသုံးကုန်ပစ္စည်း	မျိုး	၁	-		-	၁	-	-	

ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၃၆၀	-	၃၆၀	-	-	-	-	မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။
၂	တာပေါ်လင်	လိပ်	၄၁၅	-	၄၁၅	-	-	-	-	
၃	မီးစက်	လုံး	၃၆	-	၃၆	-	-	-	-	
၄	စားသောက်ကုန်ပစ္စည်း	မျိုး	၃	-	၃	-	-	-	-	
၅	လူသုံးကုန်ပစ္စည်း	မျိုး	၃		၃				-	
၆	အိမ်သုံးပစ္စည်း	မျိုး	၂	-	၂	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် Singapore Red Cross Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	လျှပ်စစ်ပစ္စည်း	ဖာ	၂၁၅	၈၀	၁၂၀	၉	၆	-	-	

ဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားရှ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၁၆၀	-	၁၆၀	-	-	-	-	မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။
၂	တာပေါ်လင်	လိပ်	၄၁၅	-	၄၁၅	-	-	-	-	
၃	မီးစက်	လုံး	၃၆	-	၃၆	-	-	-	-	
၄	စားသောက်ကုန်ပစ္စည်း	မျိုး	၃	-	၃	-	-	-	-	
၅	လူသုံးကုန်ပစ္စည်းများ	မျိုး	၃		၃				-	
၆	အိမ်သုံးပစ္စည်းများ	မျိုး	၂	-	၂	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ			ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း			
၁	မိုးကာတဲ	လုံး	၁၀၀	-	၁၀၀	-	-		မိုးကာတဲ ၁၀၀ လုံး၊ တာပေါ်လင် ၄ အိတ်၊ ရေသန့်စက် ၁၀၀၃ လုံး၊ မီးစက် ၅ လုံး၊ စားသောက်ကုန်ပစ္စည်း ၁ မျိုး၊ လူသုံးကုန်ပစ္စည်း ၃ မျိုး၊ ဆေးနှင့်ဆေးပစ္စည်း ၇ မျိုးတို့သည် မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။
၂	တာပေါ်လင်	ဖာ	၁၈၉	၁၈၉	-	-	-	-	
		အိတ်	၄	-	၄	-	-	-	
၃	ရေသန့်စက်	လုံး	၁၀၀၃	-	၁၀၀၃	-	-	-	
၄	မီးစက်	လုံး	၅	-	၅	-	-	-	
၅	Hygiene Kit	ဖာ	၁၇၀	၁၇၀	-	-	-	-	
၆	Kitchen Set	ဖာ	၇၀	၇၀	-	-	-	-	
၇	Sleeping Bags	ဖာ	၃၂	၃၂	-	-	-	-	
၈	စားသောက်ကုန်ပစ္စည်း	ဖာ	၂၀၈	၂၀၈	-	-	-	-	
		မျိုး	၄၆	၁	၃၀	၁၅	-	-	
၉	လူသုံးကုန်ပစ္စည်းများ	ဖာ	၅၁	၅၁	-	-	-	-	
		မျိုး	၃	-	၃	-	-	-	
၁၀	အိမ်သုံးပစ္စည်းများ	မျိုး	၂၆	-	၁၆	၁၀	-	-	
၁၁	လျှပ်စစ်ပစ္စည်း	ဖာ	၁၆	၁၆	-	-	-	-	
၁၂	ဆေးနှင့်ဆေးပစ္စည်း	ဖာ	၂၆	၂၆	-	-	-	-	
		မျိုး	၁၂၆	-	၇	-	၁၁၉	-	ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။
၁၃	ခွဲစိတ်ခန်းသုံးပစ္စည်း	မျိုး	၁၁၆	-	-	-	၁၁၆	-	

စာမျက်နှာ ၁၂ သို့ ✪

✪ စာမျက်နှာ ၁၀ မှ

ဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားရှ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	လျှပ်စစ်ပစ္စည်း	ဖာ	၂၁၅	၈၀	၁၂၀	၉	၆	-	-	

ဘေးသင့်ပြည်သူများအတွက် Singapore Red Cross Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	လျှပ်စစ်ပစ္စည်း	ဖာ	၂၁၅	၈၀	၁၂၀	၉	၆	-	-	

ဘေးသင့်ပြည်သူများအတွက်ဘင်္ဂလားရှ်နိုင်ငံမှလှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့်ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	စားသောက်ကုန်ပစ္စည်း	အိတ်	၂၅၀	၉၂	၁၄၀	၈	၁၀	-	-	
		ကတ်	၁၀၀	၁၀၀	-	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၈၅၀	-	၆၁	၂၀၀	-	၅၈၉	-	နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	စားသောက်ကုန်ပစ္စည်း	မျိုး	၃	၁	၁	၁	-	-	-	
၃	လူသုံးကုန်ပစ္စည်းများ	မျိုး	၃	၁	၁	-	-	-	၁	ဆက်လက်ဖြန့်ခွဲပါမည်။
၄	ဆေးနှင့်ဆေးပစ္စည်း	မျိုး	၁	-	-	-	-	၁	-	ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။

ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၃၀၀	၁၈၀	-	-	-	၁၄	၁၀၆	နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	မီးစက်	လုံး	၁၀	၁၀	-	-	-	-	-	

ပဲခူးတိုင်းဒေသကြီး တပ်နယ်များအလိုက် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စဉ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း



နေပြည်တော် ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး တပ်နယ်များအလိုက် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အဖွင့်အမှာစကား ပြောကြားကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များတပ်ဆင်အပ်နှင်းပြီး တိုင်းမှူးက စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ငလျင်အန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေ လှူဒါန်း

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော ငလျင်အန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ သိန်းမြင့်သူ၊ ဇနီး ဒေါက်တာဒေါ်တိုးရှိန်၊ သား ဒေါက်တာမြင့်တိုး၊ သမီး ဒေါ်ဆုမွန်တိုး၊ ဒေါ်ထွေးထွေးတိုး မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၀ ကို ယနေ့တွင် အသင်းရုံးကုန်ရုံးခွဲ၌ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

◎ စာမျက်နှာ ၁၁ မှ

ဘေးသင့်ပြည်သူများအတွက် UAE နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၅၅၈	-	၃၀	-	-	၂၄၃	၂၈၅	နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	စားသောက်ကုန်ပစ္စည်း	ဖာ	၉၆၀	၂၄၄	၆၇၀	၂၀	၂၆	-	-	
၃	ဆေးနှင့်ဆေးပစ္စည်း	ဖာ	၁၂၅၀	-	-	-	-	၁၂၅၀	-	ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။

ဘေးသင့်ပြည်သူများအတွက် ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၂၉၆၅	-	၅၀	-	-	၁၈၈	၂၇၂၇	နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	တာပေါ်လင်/မိုးကာစ	ထုပ်	၂၃၅	-	-	-	-	၁၁၈	၁၁၇	
၃	Sleeping Bags	ခု	၃၀	၃၀	-	-	-	-	-	
၄	စားသောက်ကုန်	ဖာ	၇၃၇၈	၅၉၁၆	၁၂၉၉	၉၃	၇၀	-	-	
		မျိုး	၁	-	၁	-	-	-	-	
၅	လူသုံးကုန်ပစ္စည်းများ	မျိုး	၁	-	၁	-	-	-	-	

ဘေးသင့်ပြည်သူများအတွက် AHA Centre မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၄၅၀	-	-	-	-	၄၅၀	-	
၂	တာပေါ်လင်/မိုးကာစ	ချပ်	၇၇၀	-	၁၅၆	၁၂	-	၂၇၆	၃၂၆	နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
		ထုပ်	၂၅၀	၄	၅	၁	-	-	၂၄၀	
၃	Hygiene Kit	ခု	၃၀၁၇	၁၀၀၀	၁၄၀၀	၆၁၇	-	-	-	
		ဖာ	၂၅၈၆	၉၅၇	၁၄၄၈	၇၈	၁၀၃	-	-	
၄	Kitchen Set	စုံ	၂၀၆၄	၄၅၄	၆၈၈	၈၈၅	၃၇	-	-	
၅	လူသုံးကုန်ပစ္စည်းများ	ဖာ	၁၇၅	၆၅	၉၈	၇	၅	-	-	

ဘေးသင့်ပြည်သူများအတွက် နီပေါနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

စဉ်	အမျိုးအစား	ရေတွက်ပုံ	ရောက်ရှိ	ဖြန့်ခွဲ				ဝန်ကြီးဌာန/အဖွဲ့အစည်း	လက်ကျန်	မှတ်ချက်
				နေပြည်တော်	မန္တလေး	စစ်ကိုင်း	ရှမ်း			
၁	မိုးကာတဲ	လုံး	၂၇၀	-	-	-	-	၁၀၀	၁၇၀	နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။
၂	Kitchen Set	ဖာ	၉၈	၃၆	၅၅	၃	၄	-	-	
၃	စားသောက်ကုန်ပစ္စည်း	ဖာ	၁၁	၄	၅	၁	၁	-	-	
၄	လူသုံးကုန်ပစ္စည်းများ	မျိုး	၇	၂	၃	၁	၁	-	-	
၅	အိမ်သုံးပစ္စည်း	မျိုး	၈	၃	၃	၁	၁	-	-	

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့သောတပန်ရပ်ကွက် လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၏ ဓမ္မာဒူတရောင်ခြည်ဓမ္မာရုံ၌ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်များထံမှ ဆုံးမသြဝါဒ စကားခံယူကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဆေးခန်း၊ နန်းစုရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဓာတ်ပေါင်းစေတီကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်ရှိ ရတနာဗိမာန်ထူပါရုံရွှေကျောင်းတိုက်၊ တကောင်းရပ်ကွက် မဟာစေတီနှင့် နန်းဦးမြို့သစ် မရှိခဏစေတီတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ တကောင်းရပ်ကွက်ရှိ စကုမ္ပော်ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာများနှင့် စည်းကမ်းစနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်နှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် အရံစေတီများ၏ အပျက်အစီးများအား ရှင်းလင်းနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သံပုဇွန်ဘုရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီးတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ငလျင်ဒဏ်သင့်နေရာများရှိဆောင်ရွက်ရန်ကျန် အဆောက်အအုံအပျက်အစီးများ စနစ်တကျစစ်ဆေး အဆင့်သတ်မှတ်ချက်အရောင်များ ခွဲခြားသတ်မှတ်၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့က မန္တလေးနန်းမြို့တွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရားနှင့် နန်းမြို့ရိုးပတ်လည်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ရှင်းလင်းဖယ်ရှားပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်က မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်း ကျောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရားနှင့် ဦးပိန်တံတားနေရာတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(စွန်ရဲ)နှင့် အခြေခံပညာအထက်တန်းကျောင်း (ဘဲလင်း)တို့သို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများ စုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းအတွင်း/ အပြင်သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အချို့ရည်နှင့် ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မြစ်သားမြို့နယ် တောင်တော်ကွင်းရှိ Green Power Energy မှ ဆိုလာပိုင်များ ထိခိုက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပြတ်တောက်သွားခဲ့ရာ ယခုအခါ ပြန်လည်ပြုပြင်ဆင်ပြီး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (စွန်ရဲ)၌ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုပြီး အချို့ရည်နှင့် ရေသန့်ကတ်များ ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

၂၀၂၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် သင်ထောက်ကူပစ္စည်းများ ကြည့်ရှုစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် အခြေခံလေကြောင်းလူငယ် သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ကြည့်ရှုစဉ်။

နေပြည်တော် ဧပြီ ၂၂

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ် အသီးသီး၌ တစ်ချိန်တည်း စတင်ဖွင့်လှစ်ကြသည်။

တက်ရောက်ဖွင့်လှစ်

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည်အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လေ့လော့သ်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း ဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ တို့ဖြင့်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခိုင်ချို အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား၌ သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

အသီးသီးဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်း ဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လေ့လော့ရှက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများ၊ ချူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ လေ့လာရေးနှင့် စစ်ရေယာဉ် လေ့လာရေးများအပြင် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်းလေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ကို မေ ၂၃ ရက် အထိ ရက်သတ္တ ငါးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၅ သို့ ✯



နေပြည်တော်ကောင်စီနယ်မြေ၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြစဉ်။



နေပြည်တော်ကောင်စီနယ်မြေ၌ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ရေကြောင်းလူငယ် အခြေခံ/တန်းမြင့် သင်တန်းနှင့် အခြေခံလေကြောင်းလူငယ် သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

★ စာမျက်နှာ ၁၄ မှ

အလားတူ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံ ပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာလေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက် မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၁၅ ခုၜ၌ ကျင်းပသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်လေတပ်စခန်းဌာနချုပ်ၜ၌ ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) နေပြည်တော် သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ (လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း ဘာသာရပ်များ ထည့်သွင်းပို့ချပေးမည်ဖြစ်ပြီး တပ်မတော်(လေ)တွင် ရှိသော ပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများကို အမောင်းသင် လေယာဉ်/ရဟတ်ယာဉ်များအား နည်းပြဆရာများနှင့်အတူ ကိုယ်တိုင် လိုက်ပါမောင်းနှင်ပျံသန်းခွင့် ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်း လူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြုငှ်ပွဲ၊ RC Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ပြုငှ်ပွဲများ ကျင်းပပေးမည်ဖြစ်ပြီး တန်းမြင့်လေကြောင်း လူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်ပါ)ပြုငှ်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြုငှ်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံသစ်များ၊ ဗဟုသုတသစ်များ ရရှိမည်ဖြစ်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော် (လေ) ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးၜ၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းမြို့ ပမ္ဘဝတီရေတပ်စခန်းဌာနချုပ်ၜ၌ ရေကြောင်းလူငယ် အခြေခံ/တန်းမြင့်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

စက်သုံးဆီဖူလုံမှုရှိပြီး ရောင်းဈေးနှုန်းများကျဆင်းလျက်ရှိသဖြင့် အများပြည်သူစိတ်ချမ်းသာစွာ ဝယ်ယူသုံးစွဲလျက်ရှိ

နေပြည်တော် ၈ ဖြဲ့ ၂၂

မတ် ၂၈ ရက်တွင် လူပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးချို့ယွင်းခဲ့သည့် စက်သုံးဆီအရောင်းဆိုင်အချို့အား အမြန်ပြန်လည်ပြင်ဆင် ဖွဲ့ဖြိုးရောင်းချလျက်ရှိကြောင်း၊ ရက်သတ္တတစ်ပတ်စာခန့် အရန်စက်သုံးဆီရှိသည့်အပြင် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများလည်း အဆက်မပြတ်ဝင်ရောက်လျက်ရှိရာ ပြတ်လပ်မှုမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ စက်သုံးဆီပြတ်လပ်မှု ဖြစ်ပေါ်မည်ဟုစိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲတန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်းမပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် စွမ်းအင်ဝန်ကြီးဌာနက အများပြည်သူသို့ မတ် ၃၀ ရက်တွင် အသိပေးနှိုးဆော်ခဲ့ကြောင်း၊ အများပြည်သူ၏ပူးပေါင်းပါဝင်မှု၊ စက်သုံးဆီအသင်းနှင့် သိုလှောင်ကန်စခန်း၊ အရောင်းဆိုင်နှင့် ဆီဘောက်ဆာလုပ်ငန်းရှင်တို့၏ ၂၄ နာရီအချိန်ပြည့် နားရက်မရှိ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် စက်သုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်နေရာဒေသများတွင် ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရောင်းဆိုင်များက တိုက်ရိုက်နှင့် နေရာအရောက်လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးခြင်း၊ ပရဟိတအသင်းအဖွဲ့များသို့ စက်သုံးဆီလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အရန်ဆီအနေဖြင့် နှစ်ပတ်စာခန့် သိုလှောင်ထားရှိနိုင်ပြီး အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီရောင်းဈေးနှုန်းမှာလည်း တစ်လီတာလျှင် ငွေကျပ် ၂၀၀ မှ ၃၀၀ ခန့်အထိ ကျဆင်းခဲ့ရာ အများပြည်သူအနေဖြင့် စိတ်ချမ်းသာစွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရန်ကင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဝံသ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်

နေပြည်တော် ၈ ဖြဲ့ ၂၂

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ မြန်မာနှစ်ဆန်း ၂ ရက်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက် နံနက် ၇ နာရီတွင် ပျံလွန်တော်မူခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရန်ကင်းပရိယတ္တိစာသင်တိုက်နှင့် ရွှေတောင်ဦး တိပိဋကဓရမဟာပဏ္ဍိတ မဟာဝိဟာရကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက ဆရာတော် ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မစကြာလင်းဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဘဒ္ဒန္တပညာဝံသ (သက်တော် ၇၂ နှစ်၊ သိက္ခာတော် ၅၂ ဝါ)၏ ဥတုဇရုပ်ကလာပ်တော်အား မုံရွာမြို့ ရန်ကင်းပရိယတ္တိစာသင်တိုက်၌ အပူဇော်ခံထားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော်ကြီး၏ အန္တိမ အဂ်ိုဓာပန သာဓုကိဠနသဘင် အခမ်းအနားအတွက် နဝကမ္မအလှူငွေများ လှူဒါန်းရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလကွယ်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် အဂ်ိုဓာပနကွင်းသို့ ပင့်ဆောင်မီးပူဇော်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မီးဘေးအသိပညာပေးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းဆောင်ရွက်

ရန်ကုန် ၈ ဖြဲ့ ၂၂

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူများ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၅ ရပ်ကွက်အတွင်း နေအိမ် ၂၅၇ အိမ်၏ မီးသုံးစွဲမှုများကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်ကာ အင်အား ၂၅ ဦးပါဝင်သောအဖွဲ့ဖြင့် တစ်အိမ်တက်ဆင်း သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ ဆောင်ရန်၊ ရှောင်ရန်များ၊ မီးကိုစနစ်တကျအသုံးပြုရေး၊ မီးကိုပေါ့ဆစွာအသုံးမပြုရေး၊ မီးဘေးကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ အသိပညာပေး အကြံပြုဆွေးနွေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

သန်းသန်းအေး

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၄-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ဗုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၇၄၀	၂၈၅၅	၂၈၂၀	၂၇၅၅	၂၈၆၀	၂၈၇၅	၂၈၉၀	၂၈၁၀	၄၅၀၅	၃၁၀၅	၂၈၃၀	၂၈၃၀	၂၉၀၀	၂၈၆၅	၂၈၈၅	၃၁၄၅
95 Ron	၂၈၀၀	၂၉၁၀	၂၈၇၅	၂၈၁၀	၂၉၂၀	၂၉၃၅	၂၉၅၀	၂၈၇၀	၄၅၆၀	၃၁၆၀	၂၈၈၅	၂၈၈၅	၂၉၅၅	၂၉၂၀	၂၉၄၅	၃၂၀၀
HSD (500 ppm)	၂၄၉၀	၂၅၀၅	၂၄၇၀	၂၄၈၅	၂၅၁၀	၂၅၂၅	၂၅၄၅	၂၄၆၅	-	၂၇၅၅	၂၄၈၀	၂၄၈၀	၂၅၅၀	၂၅၁၅	၂၅၄၀	၂၇၉၅
HSD (50 ppm)	၂၉၆၀	၃၀၇၅	၃၀၄၀	၂၉၇၅	၃၀၈၀	၃၀၉၅	၃၁၁၅	၃၀၃၀	၄၈၃၀	၃၃၂၅	၃၀၅၀	၃၀၅၀	၃၁၂၀	၃၀၈၅	၃၁၀၅	၃၃၆၅
HSD (10 ppm)	၂၉၆၀	၃၀၇၅	၃၀၄၀	၂၉၇၅	၃၀၈၀	၃၀၉၅	၃၁၁၅	၃၀၃၀	-	၃၃၂၅	၃၀၅၀	၃၀၅၀	၃၁၂၀	၃၀၈၅	၃၁၀၅	၃၃၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၇၃	၂၆၆၄
95 Ron	၂၆၃၄	၂၇၂၁
HSD (500 ppm)	၂၂၄၁	၂၃၁၆
HSD (50 ppm)	၂၇၃၂	၂၈၇၀
HSD (10 ppm)	၂၇၃၂	၂၈၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ဒေါပုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ၈ ဖြဲ့ ၂၂

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲလှိုင်ဝင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒေါပုံမြို့နယ်အတွင်းရှိ ယမုံနာ(၂) ရပ်ကွက်မှ အိမ်ခြေ ၇၂ လုံးကို တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ၊ မရှိ၊ ထားရှိသည့်မီးသတ်ဆေးဘူးများသုံးစွဲရန် သက်တမ်းကျော်လွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် သုံးစွဲပုံနည်းစနစ်များကို ရှင်းလင်းပေးခြင်း၊ မီးလောင်လွယ်သောပစ္စည်းများကို စနစ်တကျထားရှိခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြပြီး မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

ကမ္ဘာမြေကျန်းမာရေး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း

ကိုဘုန်း(ထုတ်လုပ်)

ကမ္ဘာကြိုဟ်သည် ရေ၊ လေ၊ မြေ၊ စွမ်းအင်တို့ဖြင့် ဖွဲ့စည်းထားပြီး သက်ရှိ၊ သက်မဲ့ဂေဟစနစ်မျိုးစုံ ဖြစ်တည်လျက်ရှိသော ကြိုဟ်ကြီးတစ်လုံးဖြစ်သည်။ ထို့ကြောင့် သက်ရှိသက်မဲ့ဂေဟစနစ်မျိုးစုံသည် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးမှာ အလွန်အရေးကြီးသည်။ ကမ္ဘာမြေသည် လူသားတို့ စားဝတ်နေရေးအတွက် လိုအပ်ချက်များဖြစ်သည့် လေ၊ ရေ၊ မြေ၊ အစားအစာတို့ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထိုသို့ အဖိုးတန်သောကမ္ဘာမြေကို ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ အရေးကြီးလှပါသည်။



အပြည်ပြည်ဆိုင်ရာကမ္ဘာမြေနေ့ ဖြစ်ပေါ်လာပုံ

ကယ်လီဖိုးနီးယားပြည်နယ် စန်ဒါဘာဘာရာ ကမ်းခြေအနီးရှိ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းတွင် ၁၉၆၉ ခုနှစ်၌ ရေနံယိုဖိတ်မှုကြီးဖြစ်ပွားခဲ့ရာ ကယ်လီဖိုးနီးယားကမ်းလွန်အတွင်းရှိ ပင်လယ်နေငှက်များနှင့် ပင်လယ်သတ္တဝါများ အများအပြား သေဆုံးမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေနံယိုဖိတ်မှု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် အရေးကြီးကြောင်း အများပြည်သူကို အသိပညာပေးရန်အတွက် အမေရိကန်အထက်လွှတ်တော်အမတ် ဖြစ်သည့် Gaylord Nelson က ပတ်ဝန်းကျင်ရေးရာ လူငယ်တက်ကြွလှုပ်ရှားသူ Denis Hayes နှင့်အတူ ကမ္ဘာမြေနေ့ကို သတ်မှတ်နိုင်ရေး စတင်စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့တွင် အမေရိကန်အထက်လွှတ်တော်အမတ် Gaylord Nelson က ပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ကမ္ဘာမြေနေ့ကို ကျင်းပခဲ့ပါသည်။ သူ၏လုပ်ငန်းများကို အသိအမှတ်ပြုသောအားဖြင့် Gaylord Nelson အား Presidential Medal of Freedom Award ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ လေထုညစ်ညမ်းမှု၊ အရှိန်အဟုန်ဖြင့် မြင့်တက်လာနေသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ကမ္ဘာမြေ၏ရှင်သန်မှုကို ခြိမ်းခြောက်နေသော အခြားသောအခြေအနေများကို အသိပညာပေးရန် “အပြည်ပြည်ဆိုင်ရာကမ္ဘာမြေနေ့” ကို ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့မှစတင်၍ နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် ကျင်းပလျက်ရှိပါသည်။

ကမ္ဘာမြေ၏ကျန်းမာရေးအတွက် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း

ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) များ ထိန်းသိမ်းခြင်းသည် ကမ္ဘာမြေ၏ ကျန်းမာရေးနှင့် လူသားတို့၏ ရေရှည်ရပ်တည်နိုင်မှုအတွက် အရေးကြီးသောအချက်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလျက်ရှိပြီး ဤအရာများကို ကာကွယ်ရန် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကြိုးပမ်းမှုများ လိုအပ်နေပါသည်။ ဂေဟစနစ် (Ecosystem) ဆိုသည်မှာ သက်ရှိများ (အပင်နှင့် တိရစ္ဆာန်) နှင့် ၎င်းတို့၏ ရုပ်ပတ်ဝန်းကျင် (ရေ၊ မြေ၊ လေ) တို့ ပြန်လည်ဆက်စပ်နေသော စနစ်ဖြစ်သည်။ ဂေဟစနစ်ကို ထိန်းသိမ်းရန် အဓိကနည်းလမ်းများရှိပါသည်။ သစ်တောပြုန်းတီးမှုကိုလျှော့ချခြင်း (ဥပမာ – မလိုအပ်သောသစ်ခုတ်ခြင်းကို တားမြစ်ခြင်း)၊ သစ်တောပြန်လည်စိုက်ပျိုးခြင်း (Reforestation) နှင့် သဘာဝသစ်တောများ ပြန်လည်ထူထောင်ခြင်း (Restoration)၊ မြစ်များ၊ အင်းအိုင်များနှင့် ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းမှုမှ ကာကွယ်ခြင်း၊ ရေချို/ ရေငန်ငါးဖမ်းမှုကို စည်းကမ်းချမှတ်ခြင်း၊ ဓာတုမြေဩဇာအသုံးပြုမှုကို လျှော့ချခြင်း၊ သဘာဝစိုက်ပျိုးရေးနည်းလမ်းများ (Organic Farming) ကို အားပေးခြင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုနိုင်သော (Recycle) နှင့် ဇီဝဆွေးမြည့်ပျက်စီးနိုင်သော (Biodegradable) ပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဂေဟစနစ်ကို ကာကွယ်နိုင်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကမ္ဘာပေါ်ရှိ မတူညီသော အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ ၎င်းတို့၏ ဗီဇမျိုးကွဲများနှင့် ဂေဟစနစ်များ၏ ကွဲပြားမှုကို ဆိုလိုသည်။ သစ်တောပြုန်းတီးခြင်း၊ လူဦးရေတိုးပွားမှုနှင့် မြို့ပြကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ အလွန်အကျွံငါးဖမ်းခြင်း၊ တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲဖမ်းဆီးခြင်း စသည်တို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများကို ဆုံးရှုံးရပါသည်။ ထို့ကြောင့် အမျိုးသားဥယျာဉ်များ၊ သဘာဝဘေးမှ ကာကွယ်ထားသော နယ်မြေများ (Protected Areas) ဖန်တီးခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များကို ဥပဒေဖြင့်ကာကွယ်ခြင်း၊ တရားမဝင်သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်မှုကို တိုက်ဖျက်ခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်နေသော သတ္တဝါများအတွက် မွေးမြူရေးစင်တာများ ထူထောင်ခြင်း၊ နိုင်ငံခြားမှ ဝင်ရောက်လာသော မျိုးစိတ်များ (Invasive Species) ကို ထိန်းချုပ်ခြင်း၊ ဒေသရင်းမျိုးစိတ်များ ပြန်လည်ပေါက်ပွားရန် ကူညီခြင်း၊ လူထုအား ဇီဝမျိုးစုံမျိုးကွဲ၏ အရေးပါမှုကို သိရှိစေရန် ပညာပေးခြင်း၊ ကျေးရွာနှင့် မြို့ပြလူထုအား သဘာဝထိန်းသိမ်းရေးတွင် ပါဝင်စေခြင်းတို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကို ကာကွယ်နိုင်ပါသည်။

ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းသည် လူသားတို့၏ အနာဂတ်အတွက် အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ရေရှည်တည်တံ့သောနည်းလမ်းများ အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏ မျိုးဆက်သစ်များအတွက် ကျန်းမာသန့်ရှင်းသော ကမ္ဘာမြေတစ်ခုကို ချန်ထားနိုင်မည်ဖြစ်သည်။

ကမ္ဘာမြေနှင့် ရာသီဥတုပြောင်းလဲခြင်း

ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ ရာစုနှစ်များမှ နှစ်သန်းပေါင်းများစွာ အချိန်ကာလအတွင်း ပြောင်းလဲလာသည့် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားသတ်မှတ်မှုများ ပြောင်းလဲခြင်း ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းမှာ တိကျသော ဒေသတစ်ခုအတွင်းသာ ပြောင်းလဲခြင်းဖြစ်နိုင်သကဲ့သို့ ကမ္ဘာမြေတစ်လွှားအနှံ့အပြားလည်း ဖြစ်ပေါ်နိုင်သည်။ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ပတ်ဝန်းကျင်ကို ပြောင်းလဲစေသည်။ ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာကို အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ သဘာဝသယံဇာတအရင်းအမြစ်များကို ပိုမိုအသုံးပြုလာမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျမစွန့်ပစ်မှု၊ စက်ရုံအလုပ်ရုံများနှင့် ယာဉ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု စသည်တို့ကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကဲ့သို့ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များကြောင့် ကမ္ဘာမြေသည် နာမကျန်းဖြစ်လာရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် လက်ရှိကမ္ဘာကြီးရင်ဆိုင်နေရသော အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပြီး ယင်းပြဿနာကိုဖြေရှင်းရန် အသိပညာမြှင့်တင်ခြင်းသည် အရေးပါသောအချက်ဖြစ်ပါသည်။

အသိပညာမြှင့်တင်ရန် အဓိကနည်းလမ်းများ

ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော လက်တွေ့ဆောင်ရွက်ချက်များ (ဥပမာ – သစ်ပင်စိုက်ခြင်း၊ အမှိုက်လျှော့ချခြင်း) ကို ထည့်သွင်းသင်ကြားခြင်း၊ ရုပ်သံ၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကိုမျှဝေခြင်း၊ ကျေးရွာနှင့်မြို့ပြများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြပွဲများ (Exhibitions) နှင့် လက်တွေ့ပြသမှုများပြုလုပ်ခြင်း၊ လူငယ်အဖွဲ့အစည်းများ (Youth Climate Movements) ဖွဲ့စည်းကာ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး နည်းပညာများကို ကျေးရွာများတွင် မိတ်ဆက်ခြင်း (ဥပမာ – နေစွမ်းအင်သုံးမီးလင်းစနစ်) စသည်တို့ဖြင့် ပြည်သူလူထုကို ရာသီဥတုပြောင်းလဲမှုအား ကြိုတင်ကာကွယ်နိုင်ရန် အသိပညာများပေးနိုင်ပါသည်။

သဘာဝအရင်းအမြစ်များကို ချွေတာ၍ အကျိုးရှိအောင်သုံးစွဲ

ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သဘာဝအရင်းအမြစ်များကိုလည်း ချွေတာ၍ အကျိုးရှိအောင် သုံးစွဲသင့်ပါသည်။ သဘာဝအရင်းအမြစ်များကို ချွေတာနိုင်ရန် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် လွယ်ကူစွာလုပ်ဆောင်နိုင်သော အလေ့အကျင့်ငယ်များဖြင့် စတင်နိုင်ပါသည်။ တစ်ဦးချင်း၏ အနည်းငယ်စီသောပါဝင်မှုများသည် ရေရှည်တွင် ကြီးမားသောအကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်ပါသည်။ မိုးရေသိုလှောင်စနစ် တပ်ဆင်အသုံးပြုခြင်း၊ ရေပိုက်နှင့် ဘုံပိုင်များ ယိုစိမ့်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ နေ့အချိန်တွင် သဘာဝအလင်းရောင်ကို အများဆုံးအသုံးချခြင်း၊ မလိုအပ်သော လျှပ်စစ်ပစ္စည်းများကို ပလတ်မှဖြုတ်ထားခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းများ အသုံးပြုခြင်း စသည်တို့ဖြင့် သဘာဝအရင်းအမြစ်များကို ချွေတာပြီး မိခင်ကမ္ဘာမြေကြီးကို စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ပါသည်။ ။

“ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သဘာဝအရင်းအမြစ်များကိုလည်း ချွေတာ၍ အကျိုးရှိအောင်သုံးစွဲသင့်ပါသည်။ သဘာဝအရင်းအမြစ်များကို ချွေတာနိုင်ရန် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် လွယ်ကူစွာလုပ်ဆောင်နိုင်သော အလေ့အကျင့်ငယ်များဖြင့် စတင်နိုင်ပါသည်။ တစ်ဦးချင်း၏ အနည်းငယ်စီသောပါဝင်မှုများသည် ရေရှည်တွင် ကြီးမားသောအကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်ပါသည်။ မိုးရေသိုလှောင်စနစ် တပ်ဆင်အသုံးပြုခြင်း၊ ရေပိုက်နှင့် ဘုံပိုင်များ ယိုစိမ့်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ နေ့အချိန်တွင် သဘာဝအလင်းရောင်ကို အများဆုံးအသုံးချခြင်း၊ မလိုအပ်သော လျှပ်စစ်ပစ္စည်းများကို ပလတ်မှဖြုတ်ထားခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းများ အသုံးပြုခြင်း စသည်တို့ဖြင့် သဘာဝအရင်းအမြစ်များကို ချွေတာပြီး မိခင်ကမ္ဘာမြေကြီးကို စောင့်ရှောက်ထိန်းသိမ်းနိုင်”

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်းအမှတ်(4A,45-1)ရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၇၆၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Profia Truck နှစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးရိုင်း၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၃၇၈ တန်၊ သစ်မာ ၁ ဒသမ ၉၅၁ တန်၊ အခြားသစ် ၅ ဒသမ ၃၅၄ တန်(ခန့်မှန်းတန်ဖိုးငွေ ၈၂၉၃၆၃ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ နတ္တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၅၂၂၉၃၆၃ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၅၀၆၃၉၃၆၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “နတ်ဆိုးအချစ်” Facebook အကောင့်နှင့် “@thuyachit041” TikTok အကောင့်ပိုင်ရှင် ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နေ နေသူရအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

မော်လမြိုင်ကျွန်း ဧပြီ ၂၂

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ကကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အတွင်းရှိ KTV နှင့် စားသောက်ဆိုင်များ၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



ပြောကြား

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးကျော်ထက်ဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် မီးဘေးကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှု မရှိစေရေးအတွက် မိမိတို့၏ ဆိုင်ခန်းများ၊ နေအိမ်များတွင် အသုံးပြုသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ် လဲလှယ်ရန်၊ မီးဘေးလုံခြုံရေး အတွက် ထမင်းဟင်းများချက်ပြုတ်ပါက လျှပ်စစ်မီး စနစ်တကျ ကိုင်တွယ်အသုံးပြုရေး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးနှင့်ရေပုံးများ အသင့်ထားရှိရန်၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီ သတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်ရာ လိုက်နာရမည့် အချက်များအား ပြောကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရုဝမ်ဒါနိုင်ငံသား ၁၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရုဝမ်ဒါနိုင်ငံသား ၁၀ ဦး စုစုပေါင်း၌းရေ ၂၀ တို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဆိုင်ရာ ဖိလစ်ပိုင်သံရုံး Attache and Assistance to Nationals Officer Ms. Musetar Cabrito Moso နှင့် တာဝန်ရှိသူများ၊ ကျပန်နိုင်ငံဆိုင်ရာ ရုဝမ်ဒါသမ္မတနိုင်ငံသံရုံးမှ First Counsellor Mr. Bonny Musefano နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဧန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၀၈ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဂါဇာဒေသတွင် အစ္စရေးတပ်မတော်က တိုက်ခိုက်မှုများ ဆောင်ရွက်

ကျရာဆလင် ဧပြီ ၂၂

ဂါဇာဒေသတွင် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းဒေသခံ ၂၅ ဦး ထပ်မံသေဆုံးကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယမန်နေ့ညကပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုများအတွင်း လေကြောင်းတိုက်ခိုက်မှုများနှင့် အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် ဂါဇာဒေသခံများထိခိုက်သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် မိုဟာမက်ဗာဆယ်က ပြောကြားသည်။ ဂါဇာဒေသတောင်ပိုင်း ခန်းယူနွတ်ဒေသရှိ နေအိမ်အဆောက်အအုံအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကိုးဦးသေဆုံးပြီး ဂါဇာဒေသမြောက်ပိုင်းရှိ ဂျာဗာလီယာဒုက္ခသည်စခန်းအား တိုက်ခိုက်မှုတွင်လည်း ကိုးဦးသေဆုံးပြီး ဂါဇာဒေသအနောက်ပိုင်းရှိ ရာတီဒုက္ခသည်စခန်းအား တိုက်ခိုက်မှုတွင်လည်း ကလေးများအပါအဝင် ငါးဦးသေဆုံးကြောင်း သိရသည်။

ရာဖာ၊ ခန်းယူနွတ်နှင့် ဂါဇာဒေသအရှေ့ပိုင်းအား အစ္စရေးတပ်မတော်က လေကြောင်းမှတိုက်ခိုက်ခဲ့ရာတွင် ရာဖာဖြေကယ်ဆယ်ရေးပစ္စည်းများထိခိုက်ပျက်စီးခဲ့သည်။ ဂျာဗာလီယာဒေသတွင်လည်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် နိုင်ငံတကာမှ လူနာတိန်းသည့် ယာဉ်များနှင့် ရေတိုင်ကီများပျက်စီးခဲ့သည်။ ယင်းတိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်နေ၍ ရှုတ်ချကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

အစ္စရေးနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအစီအမံဆောင်ရွက်

ကျရာဆလင် ဧပြီ ၂၂

အစ္စရေးနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံ၏ ပထမဆုံး အမျိုးသားအစီအမံကို စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၎င်းအစီအမံတွင် စွမ်းအင်နှင့်ရေလုပ်ငန်းကဏ္ဍများ အကျိုးဝင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်အရ ဆိုးရွားသည့် ရာသီဥတုအခြေအနေများတွင် စွမ်းအင်နှင့်ရေဆိုင်ရာ စဉ်ဆက်မပြတ် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် ရည်ရွယ်သည်။ အစ္စရေးနိုင်ငံတွင် အပူချိန်မြင့်တက်ခြင်းနှင့် အပူလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ကမ်းရိုးတန်းဒေသများရှိ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရာသီဥတုဆိုင်ရာ ဖြစ်စဉ်များကို ကြိုတင်ခန့်မှန်းသည့် စနစ်များအပါအဝင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် အရန်စွမ်းအင်သိုလှောင်ခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စားသောက်ဆိုင်များမှ ပိုလျှံသည့် အစားအစာများအား သက်ကြီးရွယ်အိုများအတွက် ပြန်လည်ပြင်ဆင်ကျွေးမွေးသည့် အစီအစဉ်ဆောင်ရွက်

တိုကျို ဧပြီ ၂၂

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စားသောက်ဆိုင်များမှ ပိုလျှံသည့် အစားအစာများအား သက်ကြီးရွယ်အိုများအတွက် ပြန်လည်ပြင်ဆင်ကျွေးမွေးသည့် အစီအစဉ်ကို တိုကျိုအခြေစိုက် အဖွဲ့တစ်ဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း ယနေ့အင်နိအိတ်ချ်ကော်သတင်းအရ သိရသည်။

အစားအသောက်များပြုန်းတီးမှုမဖြစ်စေရေးနှင့် ချက်ပြုတ်ရေးအတွက် အခက်အခဲရှိသည့် သက်ကြီးရွယ်အိုများ အဆင်ပြေစေရေးအတွက် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းကစတင်၍ ပြည်သူ့အိမ်ရာများတွင် စမ်းသပ်ဆောင်ရွက်ခဲ့သည်။

အစီအစဉ်တွင် ကုမ္ပဏီတစ်ခု၏ စားသောက်ခန်းမမှ ပိုလျှံသည့် ထမင်းကြော်နှင့် အသားဟင်းတစ်မျိုးကို သက်ကြီးရွယ်အိုခြောက်ဦးအား စေတနာ့ဝန်ထမ်းများက ကျွေးမွေးခဲ့ကြသည်။ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် သင့်တော်သည့် အပူချိန်တွင် ပြန်လည်ပြင်ဆင်ချက်ပြုတ်ပြီး ကျွေးမွေးခြင်းဖြစ်သည်။

ပြုန်းတီးမည့် အစားအစာများကို အကျိုးရှိစွာဖြင့် ပြန်လည်ပြင်ဆင်ကျွေးမွေးမည်ဖြစ်ပြီး ယခုအစီအစဉ်ကို နိုင်ငံတစ်ဝန်း ပျံ့နှံ့စေရေးဆောင်ရွက်မည်ဟု ၎င်းအဖွဲ့မှ တာဝန်ရှိသူဖြစ်သည့် ကာရှီဝါကူယာမီဟိုကိုက ပြောကြားသည်။

ကိုးကား-အင်နိအိတ်ချ်ကော
ဘာသာပြန်-စိုးသူရ



အင်ဒိုနီးရှား ကာဗွန်ဓာတ်ငွေ့ရောင်းချရေး စတော့ဈေးကွက်အား အသုံးပြုသူများပြားလာ

ဂျကာတာ ဧပြီ ၂၂

အင်ဒိုနီးရှား ကာဗွန်ဓာတ်ငွေ့ရောင်းချရေး စတော့ဈေးကွက်အား အသုံးပြုသူများပြားလာပြီး ယခုနှစ် ဧပြီ ၁၇ ရက်မှစတင်၍ အဖွဲ့အစည်း ၁၁၁ ခုက သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၎င်းကာဗွန်စတော့ရှယ်ယာဈေးကွက်အား ယခုနှစ်ကုန်တွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အဖွဲ့အစည်း ၁၅၀ ခန့်အထိ သုံးစွဲလာစေရေးအတွက် ဆောင်ရွက်မည်ဟု အင်ဒိုနီးရှားစတော့အိတ်ချ်ချိန်းမှ တာဝန်ရှိသူ ဂျက်ဖရီဟန်းဒရဒ်က ပြောကြားသည်။ နိုင်ငံတကာသို့ ထိုးဖောက်ကာလုပ်ငန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေပြီး လက်ရှိအချိန်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများအား အင်ဒိုနီးရှား ကာဗွန်စတော့အိတ်ချ်ချိန်းတွင် လုပ်ငန်းဆောင်ရွက်ရေးကြိုးပမ်းမည်ဟု ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားသည် လက်ရှိအချိန်တွင် ပြည်ပနိုင်ငံများနှင့် ကာဗွန်ဓာတ်ငွေ့ရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်နေကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ဘားအံမြို့၌ ရေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်



ဘားအံ ၈ပြို ၂၂

နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သည့် အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တောင်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်က ကြီးမှူးဖွင့်လှစ်သည့် ဘားအံရေကြောင်းလူငယ်စခန်း၏ ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကို ၈ပြို ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းတက်ရောက်ကြမည့် မောင်တို့မယ်တို့သည် သမိုင်းအစဉ်အလာကောင်းသော ရေကြောင်းလူငယ်မျိုးဆက်များ၏ အမွေကို ဆက်ခံရင်း အနာဂတ်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုက အားထားရမည့် ရေကြောင်းပညာရှင်များဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း၊ ရေကြောင်းဆိုင်ရာအသိပညာ၊ အတတ်ပညာများကို တိုးပွားရရှိလာမည့်အပြင် လက်တွေ့ကျကျ ဆောင်ရွက်ကြသည့် လုပ်ငန်းခွင်အတွေ့အကြုံများကို ရရှိစေမည်ဖြစ်၍ မောင်တို့မယ်တို့အတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုသင်တန်းတက်ရောက်ကြမည့်မောင်တို့မယ်တို့သည် နိုင်ငံ့အကျိုးကို ရှေးရှုပြီး အားကြိုးမာန်တက် ဆည်းပူးလေ့လာသင်ယူကြစေလိုကာ နိုင်ငံတော်ကအားထားရသည့် သယ်ယူပို့ဆောင်ရေး ရေကြောင်းဆိုင်ရာပညာရှင်များ၊ ရေကြောင်းစက်မှု/လက်မှုပိုင်းဆိုင်ရာပညာရှင်များ၊ မြို့ပြရေကြောင်း ဆိုင်ရာပညာရှင်များဖြစ်အောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘားအံရေကြောင်းလူငယ် အခြေခံသင်တန်းအတွက် ငွေကျပ် ၈၆၇၁၄၀၀၀ ကို တာဝန်ခံအရာရှိထံ ချီးမြှင့်ပေးအပ်ကာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက သင်တန်းသား သင်တန်းသူများအား အားကစားပစ္စည်းများနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းကို ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၁၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၈ပြို ၂၂ ရက်မှ မေ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကာ အခြေခံစစ်ရေးပြ၊ လက်နက်ငယ်နှင့် စစ်ရေးပြ ဘာသာရပ်၊ ရေတပ်သားဘာသာရပ်၊ ရေကြောင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပဲခူးမြို့၌ (၂၉)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



ပဲခူး ၈ပြို ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ၈ပြို ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၂၉)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအပေါ် သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်နှင့် ကော်ဖီများ အခမဲ့တိုက်ကျွေးနေမှုများကို လိုက်လံကြည့်ရှုသည်။ ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုလစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံ စားသုံးကုန်များအား သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

အုတ်တွင်း ၈ပြို ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးသည်။

အုတ်တွင်းမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျစိုက်ထုတ်ရမှုလျော့ကျစေရန် ရည်ရွယ်၍ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးအဖွဲ့များက ပဏာမကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေ စမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စနစ်တကျလွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူးထံမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

ရန်ကင်း ၈ပြို ၂၂

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်း ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ရန်ကင်းမြို့နယ် အမှတ်(၉) ရပ်ကွက် အတွင်းနေ ပြည်သူများအနေဖြင့် မီးကြောင့် အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးထိခိုက်မှုများ မရှိစေရေး၊ မီးချိတ်၊ မီးကပ်များ နှင့် သဲအိတ်များထားရှိကြရန်၊ ရှုပ်ထွေးနေသော ဝါယာကြိုးများနှင့် ဆွေးမြည့်နေသော ဝါယာကြိုးများ လဲလှယ်ခြင်းများ ပြုလုပ်ကြရန်၊ ရေသိုလှောင်ကန်ထားရှိရန်၊ မိန်းတင်မိန်းချခလုတ်များ သေချာစွာ ပြုလုပ်ကြရန်၊ မီးပေါ့ဆမှု မရှိစေရေးအတွက် အိမ်ခြေ ၁၅၃ လုံး၊ အိမ်ထောင်စု ၁၇၆ စုတို့အား စစ်ဆေး ဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ်ကြုံတွေ့ရပါက မီးသတ်တပ်ဖွဲ့ အရေးပေါ်တယ်လီဖုန်း နံပါတ်များအား ဆက်သွယ်နိုင်ရန် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



မီးသတ်ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်

ရန်ကုန် ၈ပြို ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် မြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ၈ပြို ၂၂ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အမှတ်(၃၀)ဒဂုံရွှေပြည်စျေးအတွင်း စျေးသူ စျေးသားများအား မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် စျေးဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြပြီး အမှတ် (၁၆) ရပ်ကွက်အတွင်း အိမ်ခြေ ၁၂၀၊ အိမ်ထောင်စု ၁၅၀ အား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ ငါးဦး၊ စျေးဝန်ထမ်း ငါးဦးတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

❖ မြန်မာအမျိုးသမီးမှ

ရန်ကုန်ယူနိုက်တက်အသင်း စောစီးစွာ တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး ဂျုစ်မိနစ်တွင် ရွှေရည်ထွန်း၊ ၂၁ မိနစ်တွင် မိုးမမိုး တို့က ဂိုးများဆက်တိုက်သွင်းယူခဲ့သဖြင့် မိနစ် ၂၀ ကျော်မှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ပြီး မိနစ် ၆၀ တွင် စုစုကြည်က ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းတိုက်စစ်မှူး ရွှေရည်ထွန်းရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀၊ ၅၀ တွင် စန်းသော်သော်၊ ၈၂ မိနစ်တွင် နိုင်နိုင်ဝင်းတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် ဧရာဝတီတိုက်စစ်မှူး စန်းသော်သော်ကရရှိသည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဧပြီ ၂၃ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ မြဝတီအသင်းနှင့် YREO အသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဓနိုးရိမ်လမ်းသွယ်(၁)လမ်း၊ အမှတ်(၄၅/ဘီ)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၂-သမိုင်း)၊ မြေကွက်အမှတ်(၂၄/ခ-၂-၃-B)။ ဧရိယာ(၀.၀၆၃)ဧကရှိ မြေပိုင်မြေ (မြို့မြေသတ်မှတ်)မြေအမျိုးအစား မြေကွက် နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ခေါ်ခင်ခင်လှ(၁၂/လမန(နိုင်)၀၂၆၅၀၃)မှ လက်ဝယ်ထားကာ လွဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို အထက်ပါ မြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-
ခေါ်ဝေဝေအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)
အမှတ်-၁၂၉၇/အော၊ ဧာတိဂုဏ်လမ်း၊ မေဟ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၀၁၅၉၉

MNL မှ

ပြိုင်ပွဲကို ဧပြီ ၂၂ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဧပြီ ၂၂ ရက်မှ ဇွန် ၁၄ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၈၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၃၊ ၂၄ ရက်၊ ဗိုလ်လုပွဲကို ဇူလိုင် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပွဲစဉ်အားလုံးကို တစ်ကျော့တည်းသာကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် MNL League Cup ပြိုင်ပွဲကို ပြီးခဲ့သည့်ရာသီတွင် စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ကိုညီလေး

တနင်္သာရီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender) (၂/၂၀၂၅-၂၀၂၆) ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို တည်ဆောက်ခြင်းတင်ဒါစနစ်ဖြင့် အပ်နှံ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၅-၅-၂၀၂၅ရက် (တနလ်ာနေ့)
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၃၀-၅-၂၀၂၅ရက် (သောကြာနေ့)
(ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် - ညနေ (၁၆:၃၀) နာရီ
(ဃ) အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် - ၅-၆-၂၀၂၅ရက် (ကြာသပတေးနေ့)
(င) အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့် အချိန်/ နေရာ - နံနက် (၁၀:၀၀) နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်-

တင်ဒါကော်မတီ
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၀၂၁၁၁၊ ၀၅၉-၂၀၂၃၅၀

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် ဧပြီ ၂၂

ကယားပြည်နယ်အတွင်းရှိ မြို့များအနေဖြင့် မြို့အင်္ဂါရုပ်နှင့်အညီ အလှုင်အမြဲန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က စည်ပင်သာယာရေးဝန်ထမ်းများ ဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်သည့် ရပ်ကွက်များအတွင်း သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ရပ်ကွက်များအလိုက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် စိုက်ပျိုးထားသည့် သစ်ပင်ပန်းမန်များ ရှင်သန်စေရေး အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် လိုကြောင်း ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိနှင့် လွိုင်ကော်မြို့နယ် အမှုဆောင်အရာရှိတို့က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ယခင်နှစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် ယခုဘဏ္ဍာနှစ်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လုပ်ငန်းသုံးယာဉ်၊ ယန္တရား၊ စက်များ စုဖွဲ့ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ဌာနအလိုက် တင်ပြခြင်း၊ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန် တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန် ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတံပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တနင်္သာရီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender) (၁/၂၀၂၅-၂၀၂၆)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခရိုင်/အထူးအဖွဲ့များနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကတ္တရာကွန်ကရစ်လမ်းလုပ်ငန်းနှင့် ကတ္တရာလမ်းလုပ်ငန်းများအတွက် လိုအပ်သော (၆၀/၇၀)ကတ္တရာ၊ (၈၀/၁၀၀)ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - (၅-၅-၂၀၂၅)ရက်(တနင်္လာနေ့)

(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - (၃၀-၅-၂၀၂၅)ရက်(သောကြာနေ့)

(ဂ) တင်ဒါလျှောက်လွှာ ဖွင့်မည့်အချိန် - ညနေ (၁၆:၃၀)နာရီ

(ဃ) အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် - (၃-၆-၂၀၂၅)ရက် (အင်္ဂါနေ့)

(င) အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်အချိန်/နေရာ - နံနက် (၁၀:၀၀) နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ထား၀ယ်မြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

တင်ဒါကော်မတီ
တနင်္သာရီတိုင်းဒေသကြီး၊ ထား၀ယ်မြို့
ဖုန်း-၀၅၉-၂၀၂၁၁၄၊ ၀၅၉-၂၀၂၃၅၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၇ (အောင်မင်္ဂလာ)။ (အောင်မင်္ဂလာလမ်း)။ မြေကွက်အမှတ်-၁၀၁၃၊ အကျယ်အလန်း (၈၀ပေx၉၀ပေ) ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဗိုလ်မှူးကြီးလှဝင်း [၇/ပတန(နိုင်)၀၀၇၆၁၄] အမည်ဖြင့် မှတ်သားတည်ရှိပြီး အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြည်ကြည်ထွေး(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀)
အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/ဇရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၀၅၈၅၃၃၊ ၀၉-၇၉၉၄၆၆၉၄

"လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၄/၆/၈)။ ဂ-လွှာ နေ ဒေါ်ခင်သန်းဝင်း (ခ) ဟဘီဇာဘီ [၁၂/ပဇတ(နိုင်) ၀၀၀၀၃၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းဝင်း (ခ) ဟဘီဇာဘီ နှင့် မုဟမ္မဒ်ကာစင် [၁၂/ပဇတ(နိုင်)၀၂၅၈၂] တို့သည် (၂၅-၁-၂၀၀၉) ရက်နေ့တွင် "**နီကာဟ်**" လက်ထပ် ထိမ်းမြားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့သည် (၁၈-၁၂-၂၀၂၄) ရက်စွဲပါ စာအမှတ် (၁၂၀/၂၄/ ဓမ္မ/မလ၀-ဗဟ) အစ္စလာမ့်တရားဥပဒေ ဗဟိဝါဓမ္မသတ် ဆုံးဖြတ်ချက်အရ လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းလိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းဝင်း (ခ) ဟဘီဇာဘီ နှင့် မုဟမ္မဒ်ကာစင်တို့သည် လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများ သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် တစ်ဦးနှင့်တစ်ဦး ဂုဏ်သိက္ခာ ထိခိုက်စေမည့်ကိစ္စရပ်များ ပြောဆိုခြင်း၊ နောင့်ယှက်ခြင်း၊ လူမှုကွန်ရက်(Facebook) ပေါ်တင်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးထွန်းသူအောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)
အမှတ်-၁၁၅၊ ပထမထပ်၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ ၅၂-လမ်း၊ အမှတ် (၆၀/၆၂)။ စတုဇ္ဇထပ်၊ ၅-လွှာ (တိုက်ကိုမျက်နှာမူလျှင်-ယာဘက်)။ အကျယ်အဝန်း (၂၅ ပေx ၆၀ ပေ) ရှိ ကွန်ဒိုတိုက်ခန်း နှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့် [၁၄/ငသခ (နိုင်) ၀၂၉၄၂၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသက်နိုင်ဦး LL.B, LL.M, MRes(Law), D.B.L]
အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)
အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊
ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၆၉၈၃၆၊ ၀၉-၉၇၅၀၂၁၈၄၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် နိုင်ငံဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့၏ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် -၇-၄-၂၀၂၅ ရက်

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် -၆-၅-၂၀၂၅ ရက်

(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက် -၆-၅-၂၀၂၅ ရက် (၁၆:၃၀)နာရီ

(ဃ) တင်ဒါတင်သွင်းမည့်နေရာ -ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-၀၉-၄၂၀၇၀၅၉၁၉ ၊ ၀၉-၂၅၆၄၃၆၆၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အောင်မြေလမ်း၊ သိရိုကန်သာအဆင့်မြင့်အိမ်ရာစီမံကိန်း၊ နှစ်ခန်းတွဲ (၃)ထပ်တိုက် (၀ထမထပ်)၊ မြေကွက်အမှတ်(၃၃)၊ အခန်းအမှတ်(၃)တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသုတဟိန်း [၁၂/မရက(နိုင်)၁၇၂၆၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးလှိုင် [၁၂/သလန(နိုင်)၀၆၉၃၃၁]က သတ်မှတ်တန်ဖိုးအတိုင်း အပြည့်အဝငွေပေးချေဝယ်ယူထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းကို ဒေါ်ဌေးဌေးလှိုင် တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဒေါ်ဌေးဌေးလှိုင်

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်တင်မိုးမြတ် (LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၁/၁၄-၆-၂၀၁၈)
ရုံး-၁၇/မြို့သစ်မြောက်ပိုင်းတရားရုံးအနီး၊ ရုံးပတ်လမ်း၊
(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ 09-772497429

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)။ မြေကွက်အမှတ် (၃၅၅)။ ဧရိယာ(၀. ၀၆၁ က၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၅၅)။ ဘုရင့်နောင်လမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင် [၁၂/ပဓတ(နိုင်)၀၁၁၁၀၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်အိသီရိကြူ LL.B, M.A (Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)
ဖုန်း - ၀၉ ၄၃၁၆၃၄၈၊
အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊မြေကွက်အမှတ်(၁၂၉၅)၊မြေကွက်တည်နေရာအမှတ်(၁၂၉၅)၊မဂ်လာသုခ(၂)လမ်း၊ (၄၆)ရပ်ကွက်၊ဒဂုံမြောက်ဦးမော်(E-MDY-၂၆၉၅၂၈)(၁၂/အစန(နိုင်) ၁၀၂၇၁၁)အမည်ပေါက်၊နှစ် (၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်ဦးမော်(ဖခင်)ကွယ်လွန်နှင့်ဒေါ်တင်တင်ကြည်(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့်၄င်းတို့မွေးဖွားသည့်သားသမီးများဖြစ်ကြသည့်(၁)ဒေါ်ကြည်ကြည်မော်(၉/မရမ(နိုင်)၀၃၁၇၁၁)၊(၂)ဦးထွန်းထွန်းမော်(၁၂/အစန(နိုင်) ၁၂၆၃၄၁)၊(၃)ဦးကျော်စိုးမော်(၁၂/အစန(နိုင်)၁၀၂၈၇၄)၊(၄)ဦးလွင်မော်တို့လေးဦးအနက်သားတစ်ဦးဖြစ်သူဦးလွင်မော်မှာလူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်မောင်နှမသုံးဦးတို့မှကွယ်လွန်သူများ၏သားသမီးများတော်စပ်ကြောင်း၊ကွယ်လွန်သူဦးလွင်မော်အပါအဝင်မိမိတို့မောင်နှမလေးဦးသာမွေးဖွားခဲ့ပြီး၊အမွေစားအမွေခံကိတ္တိမသားသမီးများလည်းမွေးစားထားခြင်းမရှိကြောင်း၊မိမိတို့မှာဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာယင်း၊မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားကျန်ရစ်သူမိမိတို့မောင်နှမသုံးဦးသာဖြန်မာ့ဓလေ့ထုံးတမ်း၌ပဓေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊မိဘများသေစာရင်း၊မောင်ဖြစ်သူသေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်နှိုင်းကတ်တို့တင်ပြ၍မြေပုံကူးလျှောက်ထားလာရာမြေပြင်ကွင်းဆင်းစစ်ဆေးရာRC တစ်ထပ်တစ်လုံးရှိပြီးလျှောက်ထားသူများနေထိုင်ခြင်းမရှိပဲအိမ်သော့ဖွင့်ပြကာကွင်းဆင်းဖောင်တွင်ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့်ဦးကျော်စိုးမော်+၂မှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဝင်ငွေခွန်ကြေညာလွှာ / လစာနှစ်ချုပ်စာရင်း / နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေခွန်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်**။ ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေခွန်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ**။ လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူ နေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button)မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင် ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ် အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း**။ အောက်ပါနည်းလမ်း (၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည်-

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း**။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း**။ စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း**။ အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဖွိဒီယိုဖိုင် (User Guide Video Files)များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း**။ အောက်ပါအတိုင်း လိုက်နာရန်လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်**။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ**။ အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း။

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး**။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်**။ မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၈၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

ပြည်တွင်းအခွန်များဦးစီးဌာန

သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
မှော်ဘီခရိုင်/လှည်းကူးခရိုင်/တိုက်ကြီးခရိုင်
လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှော်ဘီခရိုင်/လှည်းကူးခရိုင်/တိုက်ကြီးခရိုင် အတွင်းရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvertနှင့် မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ မှော်ဘီခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – (၂၅-၄-၂၀၂၅) (သောကြာနေ့)
(ခ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် – (၁၄-၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့) ၁၂:၀၀ နာရီအထိ
(ဂ) တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန် – (၁၆-၅-၂၀၂၅) (သောကြာနေ့) နံနက် (၁၀:၀၀) နာရီ
(ဃ) တင်ဒါတင်သွင်းရမည့် နေရာနှင့် ဖွင့်ပွဲကျင်းပမည့် နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံမြို့နယ်။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ အမှတ်-၂၅၃(ခ)၊ ပုလဲမြို့သစ်(ဘိုခြံလမ်း)၊ မင်္ဂလာဒုံမြို့နယ်တွင် လာရောက် ကြည့်ရှုခြင်းဖြင့်လည်းကောင်း ဖုန်း ၀၉-၄၄၂၀၇၄၈၉၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်/တွံတေးခရိုင်
လုပ်ငန်းသုံးပစ္စည်းများအား
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်/တွံတေးခရိုင် အတွင်းရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သန်လျင်ခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – (၂၅-၄-၂၀၂၅) (သောကြာနေ့)
(ခ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် – (၁၄-၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့) ၁၂:၀၀ နာရီအထိ
(ဂ) တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန် – (၁၅-၅-၂၀၂၅) (ကြာသပတေးနေ့) နံနက် (၁၀:၀၀) နာရီ
(ဃ) တင်ဒါတင်သွင်းရမည့် နေရာနှင့် ဖွင့်ပွဲကျင်းပမည့် နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(မြို့ ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်၊ အမှတ်- ၁၁၃၆/၁၊ ပိတောက်လမ်း၊ ဘုရားကုန်းအဆင့်-၁၊ ဘုရားကုန်းကျေးရွာ၊ စစ်စီးတော၊ သန်လျင်မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း ဖုန်း၊ ၀၉-၄၂၉၂၀၇၆၉၀၊၀၉-၄၄၉၅၃၉၅၆၆ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၁/၂၀၂၅-၂၀၂၆)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံး ငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါ အစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – (၂၅-၄-၂၀၂၅) (သောကြာနေ့)
(ခ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် – (၉-၅-၂၀၂၅) (သောကြာနေ့) ၁၆:၃၀ နာရီအထိ
(ဂ) တင်ဒါ ဖွင့်ဖောက်မည့် ရက်နှင့်အချိန် – (၁၂-၅-၂၀၂၅) (တနင်္လာနေ့) နံနက် (၀၉ : ၀၀) နာရီ
(ဃ) တင်ဒါတင်သွင်းရမည့် နေရာနှင့် ဖွင့်ပွဲကျင်းပ မည့် နေရာ – ညွှန်ကြားရေးမှူး(မြို့ပြ)(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း- ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ် (၄၈)၊ အခန်းအမှတ် (၀၀၁)အား ဒေါ်မြသန်း [၁၄/ပသန (နိုင်) ၀၁၆၉၄၃] ထံမှ အရောင်းအဝယ် စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်ညိုမြင့် [၁၂/မရက (နိုင်) ၀၄၀၃၄၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်း အိမ်ရာအပိုင်း(၁)၊ တိုက်အမှတ် (၇၄)၊ အခန်းအမှတ် (၀၀၃)အား ဦးအေးဗိုလ် [၁၂/အလန (နိုင်) ၀၃၁၅၀၁]ထံမှ အရောင်းအဝယ် စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်သန်းသန်းဆင့် [၁၂/လသယ (နိုင်) ၀၂၁၁၆၆]နှင့် ဒေါ်သင်းသင်းစိုး [၁၂/လသယ (နိုင်) ၀၂၆၀၁၀]တို့က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက် ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
(၁/၂၀၂၅-၂၀၂၆)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့် ရက်/အချိန် – (၁၂ - ၅ -၂၀၂၅)ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ
၃။ တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန် – (၂၃ - ၅ -၂၀၂၅)ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီ
၄။ တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – (၂၉ - ၅ -၂၀၂၅) ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ
၅။ တင်ဒါတင်သွင်း၊ စိစစ်ဖွင့်လှစ်ရွေးချယ်မည့် နေရာ – ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ လမ်းဦးစီးဌာနဧည့်ရိပ်သာ၊ ကော့သောင်းခရိုင် ကော့သောင်းမြို့။

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
ဖုန်း- ၀၅၉-၅၁၀၁၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး အမှတ်- (၂၁၃)၊ သိင်္ဂီ(၄)လမ်း(တောင်)၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်နေ အဖ- ဦးယဉ်အေး၊ အမိ-ဒေါ်သန်းသန်းနိုင်တို့၏သား မောင်သန့်ဇင်ဖြိုး [၁၂/သကတ (နိုင်) ၁၈၀၀၁၆] သည် မိဘ၏ဆုံးမမှုကို မနာခံဘဲစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး (၁-၅-၂၀၂၄)ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအားလုံးကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးယဉ်အေး – ဒေါ်သန်းသန်းနိုင်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ ဝေးကုန်းကျေးရွာနေ ဒေါ်စန်းတင့် [၇/ကပက(နိုင်)၀၃၄၃၀၈]၏ သားဖြစ်သူ မောင်မျိုးဟိန်းဇော် [၁၀/မလမ(နိုင်)၂၆၉၄၃၆]သည် မိခင်၏ဆိုးဆုံးမမှုကိုမနာခံဘဲ မိခင်စိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းတင့်

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဒေဝဒဟ (၁၁) လမ်း၊ အမှတ်-၉၀၅/က၊ ဧရိယာ (အလျား ၂၄ ပေ x အနံ ၆၀ ပေ) အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (ယင်းမြေကွက်၏ ခေါင်းရင်းခြမ်း) (အလျား ၁၄ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နွဲ့ရီဝင်း** (ဘ) ဦးစိုးဝင်း (၁၂/ဥကတ (နိုင်) ၁၅၀၀၅၉) နှင့် **ဒေါ်ကျင်ဂုဏ်** (ဘ) ဦးနိုင်စိန် (၁၂/သဃက (ဧည့်) ၀၀၀၁၃၄) တို့ထံသို့ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အိမ်မြေရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အထက်ပါ အိမ်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမိုးဇော်ဦး(LL.B)	**ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B)**
(စဉ်-၈၉၈၅/၁၃)	(စဉ်-၅၅၅၁၃၉/၂၃)
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉-၅၉၈၆၀၂၆၄၆၊ ၀၉-၂၆၄၂၀၁၂၁၂၊ ၀၉-၅၃၀၅၁၃၄၄၅

ဥတု ရာသီ တောကို မှီ၏

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဆရာစံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် (၄၈၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးချစ် အမည်ပေါက် ပါမစ်မြေအမျိုးစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ/မီး အစုံပါ အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

